www.burmeseclassic.com

ဂျပန်ခေတ်ချွေးတပ်သားများရဲ့အကြောင်း

# ချမ်းမြေ့သရဖီရှိုင်

BURMESE CLASSIC .com

ဇော်ခန်း

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားစည်းလုံးညီညွတ်မှုရရှိရေး

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ချမ်းမြေ့သရဖီလှိုင်

# ငရဲနန်း

www.burmeseclassic.com

# ချမ်းမြေ့သရဖီလှိုင်

## ငရဲခန်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၁၂၁၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၁၆၇၁၀၁၁ |
| | ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ(ပထမအကြိမ်) |
| ထုတ်ဝေသူ | - ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (မြ-၀၉၃၂) ရဲအောင်စာပေတိုက် အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ်သူ | - ဦးကျင်ရင် (မြ-၀၅၄၁၇) ရွှေခြသေ့်ပုံနှိပ်တိုက် အမှတ် (၂၂၅)၊ (၃၂) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | - ဦးနိုင်နိုင်အောင် (မြ-၀၆၅၇၀) ရတနာမင်းပုံနှိပ်တိုက်၊ အမှတ် (၁၉၂)၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - **Ma O' Sar** |
| အုပ်ရေ | - ၃၀၀ |
| တန်ဖိုး | - ၁၂၀၀ ကျပ် |
| ဖြန့်ချိရေး | - ရွှေမင်းသမီးစာပေ၊ ဖုန်း - ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

ချမ်းမြေ့သရဖီလှိုင် ၈၉၃-၈၃
ငရဲခန်း/ချမ်းမြေ့သရဖီလှိုင်၊ရန်ကုန်၊
လောကနတ်စာပေ၊ ၂၀၁၁
၁၆၇ စာ၊ ၁၃. ၂၁×၂၀. ၈၃စင်တီ၊
(၁) ငရဲခန်း


## ထွက်ရှိပြီးသောစာအုပ်များ


၁။ ဆားပုလင်းမင်းနောင်နှင့် ပန်းဦးဆက်ခင်ခင်ကြီး

၂။ ဆားပုလင်းမင်းနောင်နှင့် နှစ်ဆောင်ပြိုင်မိမိလေး

၃။ ဆားပုလင်းမင်းနောင်နှင့် တမာန်တော်ရွှေသွေး

၄။ ဆားပုလင်းမင်းနောင်နှင့် ထီးဖြူဆောင်းမယ်တော်

၅။ ဆားပုလင်းမင်းနောင်နှင့် ကဝါလမိုင်း


ယခု…

"ငရဲခန်း"

www.burmeseclassic.com

www.burmeseclassic.com

## မိထွေးကို အာခံသူ

လွန်စွာပူပြင်းသော နေရောင်အောက်၌ လူငယ်လေးတစ်ဦးသည် ထင်းများကို ပင်ပန်းဆင်းရဲခြင်းကြီးစွာဖြင့် ခွဲစိတ်နေလေ၏။

လူငယ်လေးသည် မောပန်းလွန်းသဖြင့် နဖူးမှ ချွေးများအား ပုဆိုးဖြင့်သုတ်ကာ ခဏမျှ အပန်းဖြေလေ၏။

ထိုအခိုက်မှာပင် ၎င်း၏ နောက်ကျောဆီမှ . . .

"ဟဲ့အကောင် . . . အလုပ်ဖြင့် ပြီးမယ်မကြံသေးဘူး ထိုင်နေတယ်ပေါ့၊ ထင်းပေါက်နေတာ တစ်နေကုန်တော့မယ်၊ ခုထိ မပြီးနိုင်သေးဘူး။ မြန်မြန်လုပ်စမ်း . . . ဒါတွေ မပြီးမချင်း နင် ထမင်းမစားရဘူး . . . ဘာမှတ်သလဲ"

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ 'ဒေါက်' ခနဲ အသံနှင့်အတူ သူ၏ခေါင်းတစ်ခုလုံး ပူထူသွားရ၏။

ကောင်လေးသည် ခေါင်းကို လက်ဖြင့်ပွတ်၍ ...

"ကျုပ်လည်း လုပ်နေတာပဲ အဒေါ်ရာ၊ ထင်းတွေက အများကြီးပဲ၊ အိမ်ပေါ်မှာအိပ်နေတဲ့ အဒေါ့်သားနှစ်ယောက်ကိုနှိုးပြီး ကူလုပ်ခိုင်းရင် မြန်မြန်ပြီးမှာပေါ့၊ ကျုပ်တစ်ယောက်တည်းလုပ်ရမှတော့ ကြာမှာပေါ့"

ဟု ဆတ်ဆတ်ထိမခံ ပြန်ပြောလိုက်၏။

လူငယ်၏စကားကြောင့် လွန်စွာ မျက်နှာပေါက်ဆိုးလှသော မိန်းမကြီးမှာ ဒေါသထွက်သထက် ထွက်သွားပြီး

"ကြည့်စမ်း ကြည့်စမ်း ... အလေနတောကောင်က ငါ့ကို အာခံနေတယ်၊ နင့်မှာ ကိုကိုကြီးဆိုတဲ့ နာမည်ကလွဲရင် ကြီးကျယ်ခမ်းနားတာ မရှိဘူး၊ တစ်သက်လုံး ကျွေးမွေးခဲ့တဲ့ကျေးဇူးကိုမှ မထောက် ... ငါ့ကို ပြန်ပက်နေပြီ၊ လင်ပါသားပီပီ အစွမ်းကုန်ရှိုင်းစိုင်းပြနေတာပေါ့ ... ဟုတ်လား မိမစ်ကောင်ရဲ့၊ ငါ့မှာတော့ လင်သေတာတောင် လင်ပါသားကို ဆက်ပြီး စောင့်ရှောက်ပေးခဲ့ရတယ်၊ ခုတော့ ငါမွေးတဲ့မျောက်က ငါ့ကို ပြန်ခြောက်နေပြီ ကြားလို့





ကောင်းသေးရဲ့လား အရပ်ကတို့ရဲ့"

ဟု ရင်ဘတ်စည်တီး အော်ဟစ်လိုက်၏။

ကိုကိုကြီးဟူသော ကောင်လေးမှာ ထင်းချောင်းအား ဆတ်ခနဲ ဆွဲကိုင်၍ မိန်းမကြီးဘက်သို့ လှည့်လိုက်၏။

ထိုနောက် မိန်းမကြီးအား စူးစိုက်ကြည့်ကာ ...

"ခင်ဗျားအိမ်မှာ နှစ်တွေအများကြီး ကျွန်ခံနေခဲ့တယ်၊ မသထာရေစာစားပြီး ခိုင်းသမျှကို မညည်းမညူလုပ်ပေးခဲ့တာ၊ မိမစ်ကောင်လို့ အခေါ်ခံရဖို့ မဟုတ်ဘူး၊ မိမစ်ကောင်လို့ခေါ်တဲ့အတွက် တန်ရာတန်ကြေးကို ပြန်ယူရမယ်"

ဟု ပြောကာ မိန်းမကြီး၏ခေါင်းအား ထင်းချောင်းဖြင့် ဖြောင်းခနဲ ရိုက်ချလိုက်၏။

မိန်းမကြီးမှာ အသံမျှပင် မထွက်နိုင်တော့ဘဲ မြေသို့ ဘိုင်းခနဲ လဲကျသွားလေ၏။

ထိုအခိုက်မှာပင် မိန်းမကြီး၏သားနှစ်ဦး အိမ်တွင်းမှ ထွက်လာပြီး ၎င်းတို့၏မိခင်အား မြင်လျှင် ...

"လာကြပါဦးဗျို့ ... ဟောဒီမှာ ကိုကိုကြီး အမေ့ကို ရိုက်လိုက်ပြီ ... လာကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ငယ်သံပါအောင် အော်ဟစ်လေ၏။

ကိုကိုကြီးသည် လူငယ်နှစ်ဦးရှိရာသို့ ပြေးသွားပြီး ထင်းချောင်းဖြင့် ဆင့်ကာဆင့်ကာ ရိုက်ချလိုက်၏။

လူငယ်နှစ်ဦးမှာ ခေါင်း၌ သွေးခြင်းခြင်းနီလျက် မြေသို့ အရုပ်ကြိုးပြတ် ပြုတ်ကျသွားလေ၏။

ထိုအခိုက်မှာပင် တုတ်များဆွဲကိုင်၍ ကြွေးသံပေးပြေးလာသည့် ရွာသားများ၏အသံကို ကြားလိုက်ရ၏။

ကိုကိုကြီးသည် သွေးပေနေသည့်ထင်းချောင်းအား ပစ်ချ၍ အိမ်နောက်ရှိ ကိုင်းတောထဲသို့ သုတ်ခြေတင် ပြေးလေတော့၏။

သူသည် ကိုင်းတောအား ကျော်ဖြတ်ပြီးလျှင် မြေနီကားလမ်းပေါ်သို့ ရောက်ရှိသွား၏။

ထိုအခိုက်မှာပင် ကုန်အပြည့်တင်ထားသည့် ဒေါ်ဂျစ်ကားကြီးတစ်စီးသည် တရွေ့ရွေ့ မောင်းနှင်လာကြောင်း တွေ့ရလေ၏။

ကိုကိုကြီးသည် သစ်ပင်ကြီးတစ်ခုအား အကာအကွယ်ယူ၍ အမောဖြေလေ၏။

တအိအိမောင်းနှင်လာသည့် ဒေါ်ဂျစ်ကားကြီး မိမိအကျော်သို့ ရောက်လျှင် အပင်ကွယ်မှ ပြေးထွက်၍ ကားပေါ်သို့ လှားခနဲ ခုန်





တက်လိုက်၏။

သူသည် ပဲအိတ်များ၏အပေါ်ဆုံးသို့ တက်၍ ခြေပစ်လက်ပစ် လှဲချလိုက်လေတော့၏။

ဒေါ်ဂျစ်ကားကြီးသည်ကား 'ဖွတ်ချက် ဖွတ်ချက်' ဟူသော သံစုံပေး၍ တရွေ့ရွေ့ မောင်းနှင်ဆဲဖြစ်လေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

# ကုဏ္ဍိုကိုင်းက ကိုကိုကြီး

## ကောဘိုထိုင်ဘမောင်နှင့်တွေ့ဆုံခြင်း

သူသည် ပဲအိတ်များပေါ်၌ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

လွှန်စွာ ဆူညံသော အသံဗလံများကြားမှ ဆတ်ခနဲ လန့်နိုးလာ၏။

ပတ်ဝန်းကျင်အား မျက်လုံးဝေ့ကြည့်ရာ ညဉ့်အချိန်သို့ပင်ရောက်ရှိနေကြောင်း တွေ့ရလေ၏။

ဒေါ်ဂျစ်ကားကြီးသည် လူသံများ သောသောညံနေသောမြေစိုက်တဲလေးအရှေ့၌ ရပ်ထားကြောင်းကိုပါ သိရ၏။

သူသည် ကားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်း၍ မြေစိုက်တဲအနီး

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ ပျောက်သွား၏။

ထိုအခါ မြေစိုက်တဲလေးမှာ ကုလားလက်ဖက်ရည်ဆိုင်ဖြစ်ကြောင်း တွေ့ရလေ၏။

ကိုကိုကြီးသည် ဆိုင်အတွင်းဝင်ရောက်၍ ခုံလွတ်တစ်ခု၌ဝင်ထိုင်လိုက်၏။

ထို့နောက် လက်ဖက်ရည်ပျစ်ပျစ်တစ်ခွက်ကို မှာယူကာ ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်၏။

"စိတ်ကူးမလွဲနဲ့ ကိုယ့်လူရ၊ သူဌေးတွေက ကိန်းကြီးခန်းကြီးနိုင်ပြီး လူတစ်ယောက်ကို ငွေသုံးရာပေးနေတာ လိုက်ရတော့ရော ဘာဖြစ်လဲဗျ။ ဟိုဘက်ရောက်ရင် မျက်စိပွင့် နားပွင့်တောင် ဖြစ်သေးတယ်၊ အဝတ်ကောင်းကောင်းဝတ်ရမယ်၊ အစားကောင်းကောင်းစားရမယ်ဗျာ၊ ပိုက်ဆံဆိုလည်း မြိုးမြိုးမြက်မြက်ကြီးကို ရဦးမှာ၊ ကံကောင်းရင် ယိုးဒယားထိလည်း ရောက်မယ်၊ အဲ ... ဒီ့ထက်ကံကောင်းရင်တော့ ဂျပန်နိုင်ငံအထိတောင် ရောက်ဦးမှာဗျ"

တစ်ဖက်ဝိုင်းမှ အာသောင်ဘာရင်းသန်သန်နှင့် ပြောနေသည့်လူတစ်ယောက်၏စကားကြောင့် ကိုကိုကြီးမှာ များစွာ စိတ်ဝင်စားသွားမိ၏။





ထိုအခိုက်မှာပင် ကျန်တစ်ဦးသည် စိတ်မသက်သာဟန်ဖြင့်ခေါင်းခါယမ်းလျက် ...

"ငွေသုံးရာလည်းရမယ် ယိုးဒယားရော ဂျပန်ပြည်ကိုပါရောက်ဦးမှာဆိုတော့ ဒီလောက်ကောင်းတဲ့အလုပ်ကို ဘယ်သူ စွန့်လွှတ်ချင်ပါ့မလဲဗျ။ ခက်တာက ကျုပ်ကလေးက အပြင်းဖျားနေတယ်၊ ကျုပ်က မုဆိုးဖို တစ်ကောင်ကြွက်သမားဆိုတော့ ကျုပ်သားငယ်လေးအနားမှာ ကျုပ်မရှိလို့ မဖြစ်ဘူး။ ခင်ဗျားပြောတဲ့ ရွှေအခွင့်အရေးကြီးကိုလိုချင်ပေမယ့် ရင်နာနာနဲ့ပဲ လက်လွှတ်ရတော့မှာပဲ ... စိတ်မကောင်းဘူးဗျာ"

ဟု ညည်းညူစကားဆို၏။

အာသောင်အာရင်းသန်သောလူမှာ ထိုလူ၏စကားကို ကြားလျှင် သက်ပြင်းချလျက် ...

"ဒါဆိုလည်း ဘယ်တတ်နိုင်မလဲဗျာ၊ ခင်ဗျားအစား တခြားလူပဲ ရှာရတော့မှာပေါ့၊ ခင်ဗျားကိုပြောရတာ အချိန်ကုန်တာပဲ အဖတ်တင်တယ်၊ သွားမယ်"

ဟု ရေရွတ်ကာ ထိုင်ရာမှ ထလိုက်၏။

"ဟေ့လူ ... ခင်ဗျားပြောတဲ့ ငွေသုံးရာရမယ့်ကိစ္စကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားတယ်''

ကိုကိုကြီး၏ လှမ်းပြောလိုက်သောစကားကြောင့် ထိုလူမှာ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်၏။

ကိုကိုကြီးက လက်လှမ်းပြသည်ကိုမြင်လျှင် လွန်စွာမြန်ဆန်သော ခြေလှမ်းဖြင့် လျှောက်လာပြီး ..

''ကျုပ်နာမည် ဘမောင်ပါ၊ ကောဘိုထိုင်တပ်ဖွဲ့ဝင် တစ်ယောက်ပါ''

ဟု ဆိုကာ မိတ်ဆက်စကားဆို၏။

ကိုကိုကြီးမှာ မျက်မှောင်ကြုတ်လျက် ...

''ဘာလဲဗျ ... ကောဘိုထိုင်တပ်ဖွဲ့ဆိုတာ''

ဟု မေးလျှင် ဘမောင်သည် သူ့အား အထူးအဆန်းသတ္တဝါနှယ် တအံ့တသြကြည့်လျက် ...

''ကိုယ့်လူ နောက်နေတာတော့ မဟုတ်ပါဘူးနော်၊ ဒါမှမဟုတ် ခေတ်ကို မျက်ကွယ်ပြုပြီး အခုမှ အိပ်ရာနိုးလေရော့သလားဗျ''

ဟု ပြောလေ၏။

ကိုကိုကြီးသည် ရွာမှထွက်ပြေးပြီးနောက် ဒေါက်ချစ်ကားပေါ်၌ တစ်လမ်းလုံး အိပ်၍ လိုက်ပါခဲ့သည်ကို သတိရသွားပြီး ...





''ခင်ဗျားပြောတာ မှန်ပါတယ်၊ ကျုပ် အိပ်ပျော်သွားတာ အတော်ကြာသွားတယ်၊ ကဲ ... စကားဆက်ပါဦးဗျ''

ဟု ဆော်သြလိုက်၏။

ဘမောင်သည် ရေနွေးအား ငုံသောက်လျက် ...

''အခုဆို မြန်မာပြည်ရဲ့ နေရာအနှံ့အပြားမှာ နေတံဆိပ်ထွမ်းမိုးပြီး နိုင်ငံမာစတာတွေ မင်းမူနေတာ အားလုံးအသိပဲဗျ၊ ကျုပ်တို့ ကောဘိုထိုင်တပ်ဖွဲ့ဆိုတာက မာစတာကြီးတွေ လိုအပ်သမျှ ကူညီပေးဖို့အတွက် မာစတာကြီးတွေကိုယ်တိုင် အသိအမှတ်ပြုထားတဲ့ တပ်ဖွဲ့ကြီးဗျ၊ ကျုပ်တို့ ကောဘိုထိုင်တပ်ဖွဲ့ဝင်တွေဟာ ဝါးချွန်လက်နက်ကိုင်ဆောင်ခွင့်ရှိတဲ့အတွက် တချို့က ကျုပ်တို့ကို ဝါးချွန်ကိုင်တွေလို့ ခေါ်ကြတယ်၊ ဒါ့ကြောင့် ကျုပ်နာမည် ကောဘိုထိုင်ဘမောင်ပဲ၊ ဟောဒီ သော်တခရိုင်မှာ ကောဘိုထိုင်ဘမောင်ကို မသိတဲ့လူ မရှိဘူးဗျ''

ဟု ရင်ကော့ပြောလေ၏။

ကိုကိုကြီးမှာ ကောဘိုထိုင်ဘမောင်၏စကားကြောင့် မိမိသည် သော်တသို့ ရောက်ရှိနေကြောင်း ရိပ်စားမိသွား၏။

''ကဲပါလေ ... ခင်ဗျားဟာခင်ဗျား ကောဘိုထိုင်ပဲဖြစ်ဖြစ်၊ ကင်ပေတိုင်ပဲဖြစ်ဖြစ် ကျုပ်ကို ငွေသုံးရာကိစ္စသာ ပြောစမ်းပါ''



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး၏စကားကြောင့် ကေဘိုထိုင်ဘမောင်မှာ ချောင်းတစ်ချက် ဟန့်လိုက်ရင်း ...

"ဒီလိုဗျာ ... အခု နီပွန်မာစတာကြီးတွေက မြန်မာပြည်အရပ်ရပ်မှာ ချွေးတပ်သားစုဆောင်းနေတာ ခင်ဗျားသိတယ် မဟုတ်လား၊ ကျုပ်နဲ့ရင်းနှီးတဲ့ သူဌေးသားတစ်ဦးက ကျန်းမာရေး အတော့်ကို ချူချာနေတယ်ဗျ၊ သူ့အနေနဲ့ ဘယ်လိုမှ ချွေးတပ်ထဲလိုက်ဖို့ မဖြစ်နိုင်ဘူး၊ ကျုပ်က သူ့အစား ချွေးတပ်ထဲလိုက်ပေးမယ့်လူ ရှာနေတာဗျ၊ လူစားအနေနဲ့ ချွေးတပ်ထဲလိုက်ပေးရင် ငွေသုံးရာရမယ် ... ကိုယ့်လူ စိတ်ဝင်စားလား"

ဟု ကိုကိုကြီးအား အကဲခတ်ကြည့်ကာ မေးလာ၏။

ကိုကိုကြီးသည် မျက်မှောင်ကြုတ် စဉ်းစားဟန်ပြုရင်း ...

"ငွေသုံးရာရတာတော့ ဟုတ်ပါပြီလေ၊ ချွေးတပ်ထဲလိုက်ပြီး ကျုပ်တို့က ဘာလုပ်ရမှာလဲ"

ဟု မေးလိုက်ရာ ကေဘိုထိုင်ဘမောင်က ...

"ချွေးတပ်ထဲလိုက်ရင် ကောင်းကောင်းနေ ကောင်းကောင်းစားရမယ်၊ လစာကောင်းကောင်းပေးမယ်၊ ယိုးဒယားပြည်ထဲ လျှောက်လည်ခွင့်ရှိမယ်၊ ကံကောင်းရင် ဂျပန်ပြည်အထိ ရောက်သွားနိုင်တယ်





အလုပ်လုပ်လို့ (၁) နှစ်ပြည့်ရင် ကိုယ့်မြို့ကိုယ့်ရွာကို ပြန်ခွင့်ရှိတယ်"

ဟု မစားရ ဝခမန်း ပြောဆို၏။

"ချွေးတပ်ထဲလိုက်ပြီး ဘာအလုပ်လုပ်ရမှာလဲဗျ"

ကိုကိုကြီး၏အမေးကြောင့် ကေဘိုထိုင်ဘမောင်မှာ မျက်နှာရှုံ့မဲ့လျက် ...

"ကိုယ့်လူက တကယ်ဝေးတာပဲဗျာ၊ ယိုးဒယားပြည်နဲ့ မြန်မာပြည်နယ်စပ်မှာ ရထားလမ်းကြီး ဖောက်ဖို့ပေါ့ဗျ၊ ဒီအချိန်မှာ ဒီအကြောင်းကို ကလေးကအဆုံး သိကြတယ်၊ ကိုယ့်လူမသိတာ အံ့ဩယ်ပါပဲ၊ ရထားလမ်းကြီးဖောက်တယ်ဆိုတာကလည်း နီပွန်တွေရဲ့ စေတနာဗျ၊ ကျုပ်တို့လူမျိုးတွေ ဒီ့ထက်ပိုပြီး ကောင်းကောင်းနေ ကောင်းကောင်းစားရဖို့ အစားအသောက်တွေ, စက်မှုကုန်ပစ္စည်းတွေ မြန်မာပြည်ကို ရောက်လိမ့်မယ်ဗျ ...၊

ကိုယ့်လူမျိုးတွေ ကောင်းစားဖို့အတွက် ရထားလမ်းဖောက်ရာမှာ လုပ်အားပေးသင့်ပါတယ်ဗျာ၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုတာ ဒါမျိုးကို ပြောတာဗျ"

ဟု ရှည်လျားစွာ တရားဟောပြန်၏။

ကိုကိုကြီးမှာ အိမ်ပြေးတစ်ဦးဖြစ်ရုံမျှမက ငွေသုံးရာအပြင်



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးသောဒေသသို့ ရောက်ရှိမည့်အရေးအား များစွာ စိတ်ဝင်စားသွားချေ၏။

ထို့ကြောင့် စိတ်ဆုံးဖြတ်ချက် ဒုံးဒုံးချကာ . . .

"ကဲ ကိုဘမောင် . . . ကျုပ်ကို ငွေသုံးရာ ပေးပေတော့၊ ကျုပ် ရွှေးတပ်အဖွဲ့မှာ လူစားလိုက်မယ်"

ဟု ပြောလိုက်လေတော့၏။

❋

"ရွေးတပ်အတွက် အုန်းတောရွာက
လူ ၂၀ စုပေးရမယ်၊
ခုချက်ချင်း မာစတာတွေနဲ့အတူ
လိုက်စုပေးပါ၊ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com

## လူဖမ်းပွဲကြီး ခြိမ့်ခြိမ့်သဲ

အုန်းတောရွာလေး၏ နံနက်ခင်းသာယာမှုအား "ဂျပန်တွေ လာနေပြီဟေ့" ဟူသောအသံက ဆူပူမှုများ ယောက်ယက်ခတ်မှုများ ဖြစ်သွားစေ၏။

"ဂျပန်တွေ ရွာစဉ်လှည့်ပြီး ချွေးတပ်စွဲနေပြီ"

ဟူသောသတင်းအား ကြားသိထားသည့် အုန်းတောရွာ သားများမှာ မည်သူမျှ အိမ်ပြင်မထွက်ဝံ့ရာကြ။

အုန်းတောသူကြီးမှာ ဂျပန်ပိုလ်နှင့် တပ်သားများအား အပြေး တစ်ပိုင်း ခရီးဦးကြိုပြုလေ၏။

စကားပြန်လူငယ်သည် အုန်းတောသူကြီး၏မျက်နှာအား





ရှုတင်းတင်းကြည့်၍ . . .

"ချွေးတပ်အတွက် အုန်းတောရွာက လူ (၂၀) စုပေးရမယ်၊ ချက်ချင်း မာစတာတွေနဲ့အတူ လူလိုက်စုပေးပါ . . . ဒါပဲ"

ဟု ပြောလိုက်ရာ အုန်းတောသူကြီးသည် သူ့သားအရွယ်မျှ ရှိသော စကားပြန်လူငယ်အား ရိုကျိုးသောအမူအရာဖြင့် ခေါင်းညိတ် အရိုအသေပြု၍ . . .

"နိပ္ပွန်မာစတာကြီးတွေရဲ့ အလိုအတိုင်း ဖြစ်ရပါစေ့မယ်"

ဟု လက်ခံလိုက်၏။

ထို့နောက်တွင်မူ သူကြီးသည် လက်ပါးစေနှစ်ယောက်အား ခေါ်ယူ၍ ဂျပန်တပ်သားများ၏ရှေ့မှ ဦးဆောင်ကာ ရွာတွင်းသို့ ခြေဆန့်လေ၏။

ရွာလုံးကျွတ် လူဖမ်းပွဲကြီး ဆင်နွှဲကြပေတော့မည်။

သူကြီးနှင့် သူကြီး၏လက်ပါးစေနှစ်ယောက်သည် ယောကျ်ား များရှိသော အိမ်များသို့ တက်ကာ အတင်းဆွဲချကြ၏။

တချို့သည် သူကြီးတို့အား မကျေနပ်သော်လည်း ဂျပန်များ ဆီမှ လှံစွပ်ပါ သေနတ်ကြီးများကို ကြောက်လန့်သဖြင့် လေးကန် သောခြေလှမ်းဖြင့် လိုက်ပါခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအုန်းတောရွာ၏ အစွန်ပိုင်း၌ နွားခြံတစ်ခုရှိ၏။

လူငယ်တစ်ဦးသည် နွားခြံ၌ နွားစာစဉ်းလျက် သီချင်းပ

အော်ဟစ်သီဆိုလိုက်သေး၏။

ထိုအခိုက်မှာပင် လူတစ်ယောက် အပြေးအလွှား ရောက်

လာပြီး . . .

"ဟေ့ကောင် ချစ်ဖေ ချစ်ဖေ . . . မင်း ပြေးတော့ သူကြီး

ဂျပန်တွေ လူစုနေတယ်၊ ယောက်ျားမှန်သမျှ အိမ်အောက်ဆွဲချနေတ

ကွ"

ဟု အော်ပြောလိုက်ရာ ချစ်ဖေဆိုသောလူငယ်မှာ အထိတ်

တလန့်ဟန်ဖြင့် . . .

"ဟင် . . . တကယ်လားကွ၊ ဒါ ဒါဆို တို့ရွာကိုလည်

ချွေးတပ်ဝင်နေပြီပေါ့၊ နေပါဦးကွ . . . ငါလည်း စောင့်ပါဦး၊ ပြေ

ဖြစ်မှာပေါ့"

ဟု ရေရွတ်ကာ ထပြေးလေ၏။

လူငယ်မှာ အော်ဟစ်ပြောရင်း တောအုပ်ဘက်သို့ ဆက်ပြ

သွားသဖြင့် ချစ်ဖေလည်း သူ့နောက်သို့ ဒရောသောပါး ပြေးလိုက်သွ

၏။





နွားခြံရှေ့အရောက် လည်ပြန်လှည့်ကြည့်ရာ သူကြီးနှင့်

ဂျပန်များအား တွေ့လိုက်ရ၏။

ချစ်ဖေသည် ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး နောက်ကျတဲ့

ခြေထောက် သစ္စာဖောက်ဟု သဘောပိုက်ကာ သုတ်ခြေတင်လေ

တော့၏။

သူကြီးနှင့် ဂျပန်များသည် ချစ်ဖေအား မြင်တွေ့သွားပြီး

နောက်မှ ထက်ကြပ်မကွာ လိုက်ခဲ့ကြ၏။

ချစ်ဖေမှာ ပြေးလွှားရင်း ရွာနှင့်တောအုပ်ကြားရှိ ချောင်းငယ်

လေးသို့ ရောက်ရှိသွား၏။

နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်လာသည့် ဂျပန်စစ်ဖိနပ်

သံများမှာ တဖြည်းဖြည်း နီးလာချေပြီ။

ချစ်ဖေသည် ကြံရာမရသည့်အဆုံး၌ ချောင်းထဲသို့ ခုန်ချကာ

ရေအောက်၌ ငုပ်လျှိုးနေလိုက်၏။

အုန်းတောသူကြီးသည် ချောင်းစပ်၌ ခါးထောက်ရပ်ကာ . .

"တောက် . . . မျက်စိရှေ့လေးတင် ဘယ်ရောက်သွားလဲ

မသိဘူး"

"ချစ်ဖေ ချစ်ဖေ . . . ဒင်းလုပ်တာနဲ့ ကျန်တဲ့လူတွေ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျတော့မှာပဲ၊ စံလှနဲ့ ငလုံး . . . ငါတို့ ရွာထဲပြန်ပြီး ဆက်လုပ်ကြရအောင်''

ဟု မကျေမနပ် ကြုံးဝါးလိုက်သည်။

ချစ်ဖေမှာ ရေငုပ်နေရာမှ သူကြီး၏စကားကို ကြားနေရသဖြင့် များစွာ စိတ်သက်သာရာရသွား၏။

အတန်ကြာလောက်သောအချိန်တွင် သူကြီးတို့ ထွက်သွားပြီဟု ယူဆသည်က တစ်ကြောင်း၊ ရေအောက်၌ ကြာကြာမနေနိုင်တော့သည်က တစ်ကြောင်းကြောင့် ရေပေါ်ခေါင်းဖော်ကာ အသက်အားဝအောင် ရှူရှိုက်လိုက်၏။

ထိုအခိုက်မှာပင် . . .

'ဗွမ်း . . ဗွမ်း . . ဗွမ်း'

ဟူသော အသံနှင့်အတူ ဂျပန်သုံးယောက်သည် ရေထဲခုန်ဆင်း၍ ချစ်ဖေအား သေနတ်ဖြင့် ထောက်လိုက်ကြ၏။

ချစ်ဖေမှာ ခေါင်းငိုက်စိုက်လျက် ဂျပန်များလက်၌ ပါသွားရှာလေတော့၏။

*



"ခင်ဗျားက နုတ်မတင်ဘဲ လာဘ်လိုချင်နေတယ်၊
ကျုပ်ကို ငွေတစ်ရာတင်ရင်
ခင်ဗျားကို ခွေးတပ်စာရင်းက ပယ်ဖျက်ပေးမယ်၊
ငွေတစ်ရာ သွားရှာချေ''

www.burmeseclassic.com

www.burmeseclassic.com

## အဘိုးကြီးလည်း မချန်ဘူး ဆွဲတယ်

အင်ပူကျေးရွာသူကြီး၏ နေအိမ်၌မူ သူကြီးမင်းသည် ခုံတန်း၌ ခြေချိတ်ထိုင်၍ ဆေးတံကြီးခဲနေ၏။

လွန်စွာအိုမင်း၍ နာမကျန်းဟန်ရှိသော အဘိုးကြီးတစ်ဦးသည် သူကြီးရှေ့၌ ဒူးတုပ်ထိုင်လျက် ...

"ကျုပ် တောင်းပန်ပါတယ် သူကြီးမင်းရယ် ... ရိုကြီးခိုးဆိုလည်း ခိုးပါ့မယ်ဗျာ၊ ကျုပ်တို့မှာ သားထောက်သမီးခံလည်း မရှိပါဘူး ကျုပ်သွားရင်ဖြင့် အမယ်အိုကြီးတစ်ဦးတည်း ကျန်ရစ်ရှာမှာပါ၊ ကျုပ်ကိုယ်တိုင်ကလည်း သူကြီးမင်း အမြင်ပါပဲ၊ ကောင်းကောင်း မကျန်းမာလှပါဘူး၊ ကျေးဇူးပြုပြီး ရွေးတပ်စာရင်းထဲက ထုတ်ပေးပါ သူကြီးမင်း





ရယ်၊ သူကြီးမင်းရဲ့ကျေးဇူးကို တစ်သက်မမေ့ပါဘူး ခင်ဗျာ"

ဟု တုန်ယင်သောအသံဖြင့် တောင်းပန်တိုးလျှိုး၏။

လွန်စွာ ဆိုက်ဂိုက်ကြီးလှသော သူကြီးမှာ ဆေးတံခဲမပျက်ဘဲ ...

"လာဘ်မြင်လို့ နတ်တင်တယ်ဆိုတဲ့ စကားကို ခင်ဗျားကြီး မကြားဖူးဘူးလား၊ ခင်ဗျားက နတ်မတင်ဘဲ လာဘ်လိုချင်နေပြီ၊ ကျုပ်ကို ငွေတစ်ရာတင်ရင် ခင်ဗျားကို ရွေးတပ်စာရင်းက ပယ်ပေးမယ်၊ ငွေတစ်ရာ သွားရှာခဲ့ချေ"

ဟု ပြောလိုက်ရာ အဘိုးအိုမှာ ဆတ်ခနဲ တုန်သွားပြီး ...

"ကျုပ်တို့လင်မယားက ရွာထဲမှာ အမွဲဆုံးလူတွေဆိုတာ သူကြီးမင်းအသိပါကွယ်၊ အိမ်ကအဘွားကြီး အိပ်ရာထဲလဲနေတာ ကြာပါပကောလား၊ အဘွားကြီး ရွေးထွက်နိုင်မှ ကျုပ်တို့ ထမင်းစားရတာပါကွယ်၊ ခုဆို အဘွားကြီး ဘိန်းမုန့်မလုပ်နိုင်တာ အတော့်ကို ကြာခဲ့ပါပြီ၊ ငွေတစ်ရာရှိဖို့ နေနေသာသာ ကျုပ်တို့မှာ ဆန်ကွဲကျို သောက်နေရပါတယ်၊ ကျုပ်ကို သနားငဲ့ညှာပေးပါ သူကြီးမင်းရယ်၊ ဒီအတွက် သူကြီးမင်းဆီမှာ ကျုပ် ကျွန်ခံပြီး ကျေးဇူးဆပ်ပါရစေ"

ဟု သနားစဖွယ် တောင်းပန်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးမှာ ငွေလမ်းမမြင်သောအခါ သူ၏ခြေအစုံအား ကိုင်ထားသည့် အဘိုးအို၏လက်အား ဖိနပ်ဦးဖြင့် ဆတ်ခနဲ ဖယ်ရှား၍ . . .

"ကိုင်း . . . ခင်ဗျားကြီးအတွက် ကျုပ် လုပ်ပေးနိုင်တာ ကုန်သွားပြီ၊ ငွေတစ်ရာမှ မရှိရင်တော့ စာရင်းထဲ ထည့်ရမှာပဲ၊ ဟော့ မောင်နိုင် . . . ဘုတ်အုပ်ယူခဲ့စမ်း"

ဟု အော်ဟစ်လိုက်ရာ သူကြီးတပည့်မှာ ဘုတ်အုပ်ကိုင်၍ ရောက်ရှိလာ၏။

သူကြီးသည် ဆေးတံသောက်မပျက်ဘဲ ဘုတ်အုပ်ကို ဆွဲယူကာ ဈေးတပ်စာရင်းအမှတ်စဉ်၌ "ဘိုးချစ်မြိုင် (အင်ပူကျေးရွာ)" ဟူသော စာကြောင်းအား ခဲတံကို တံတွေးဆွတ်၍ ရေးသွင်းလိုက်လေတော့၏။

ထိုအခိုက်မှာပင် ဂျပန်တပ်သားတစ်စုနှင့် စကားပြန်လူငယ် ရောက်ရှိလာ၏။

သူကြီးသည် အိမ်နံဘေးရှိ နွားတင်းကုပ်၌ ဖမ်းဆီးထားသော ရွာသားများအား ထုတ်၍ စကားပြန်လူငယ်လက်သို့ အပ်နှံလိုက်၏။

သူကြီး၏ မျက်ရိပ်ပြမှုကြောင့် သူကြီးတပည့်နှစ်ဦးသည်





ဘိုးချစ်မြိုင်အား ဆောင့်ဆွဲယူ၍ ဂျပန်များလက်သို့ အပ်နှံ၏။

ထိုအခိုက်မှာပင် ဘိုးချစ်မြိုင်၏မိန်းမ ဒေါ်ဖွားသင်မှာ လွန်စွာ မမာသောရုပ်ဖြင့် အပြေးတစ်ပိုင်း ရောက်ရှိလာ၏။

ဒေါ်ဖွားသင်သည် ဂျပန်များလက်၌ ရုန်းကန်လျက် တောင်းပန်နေသော ယောက်ျားဖြစ်သူ၏ သနားစဖွယ်အဖြစ်ကိုမြင်လျှင် . . .

"တော့် . . . ကိုချစ်မြိုင်ရဲ့ အဖြစ်ဆိုးလှချည်လားရှင့်"

ဟု ရေရွတ်ပြီး မြေပေါ်သို့ ပစ်လဲကျသွားရှာ၏။

ဘိုးချစ်မြိုင်သည် မြေပေါ်၌ ခွေလဲနေသည့် ဇနီးသည်ကို မြင်လျှင် နှလုံးကြွေပြုန်းမတတ် စိတ်ထိခိုက်သွားပြီး . . .

"မဖွားခင်"

ဟု ငယ်သံပါအောင် အော်ဟစ်လိုက်လေတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com

"ဂျပန်က နှင့်ပတွေးမို့ မျက်နှာလုပ်နေတာလား၊
အသားထဲက လောက်ထွက်တဲ့ ကျွန်သဘောက်ကောင်ကြီး
ငါ့သားကို ဂျပန်လက်ထဲထည့်တဲ့ လူယုတ်မာကြီး၊
အသေဆိုးနဲ့ သေပါစေတော်"

## အဆိုးရွားဆုံး မတရားမှု

"မလုပ်ပါနဲ့ ဂျပန်ကြီးရယ် ... ကျွန်မသားလေးက အသက် ဆယ့်သုံးနှစ်ပဲ ရှိပါသေးတယ်၊ သားလေးကို ချမ်းသာပေးပါရှင်၊ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်"

အမျိုးသမီးတစ်ဦးသည် ဂျပန်အရာရှိအား လက်အုပ်လေး ချီလျက် မျက်ရည်လည်ရွဲ တောင်းပန်နေ၏။

ဂျပန်အရာရှိကား မျက်နှာတည်ကြီးဖြင့် ထိုအမျိုးသမီးအား အတင်းဆွဲဖယ်၏။

အမျိုးသမီးမှာ တောင်းပန်မရသည့်အဆုံးတွင် သူကြီး၏ အားကိုးတကြီး ပြေးသွားလျက် ...

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦးသူကြီးရယ် . . . ကျုပ်သားလေးကို သူတို့ခေါ်သွား
တော့မယ်၊ သူကြီး ကယ်ပါဦးရှင်"

ဟု ပြောဆိုရင်း ရှိုက်ကြီးတငင် ငိုယိုပြန်၏။

သူကြီးမှာ စိတ်မသက်သာဟန်ဖြင့် ခေါင်းခါယမ်းလျက် . . .

"ငါ ဘာမှမတတ်နိုင်ဘူး . . . ဒါဟာ မာစတာကြီးတွေ
အမိန့်ပဲ၊ နင်ငိုနေလည်း ဘာမှထူးမှာမဟုတ်ဘူး၊ မာစတာတွေ မျက်
မနောက်ခင် နင်အိမ်ပြန်တော့"

ဟု ပြောလိုက်ရာ သားသည်မိခင်မှာ ပါးပျဉ်းထောင်ထ
သော မြွေဆိုးနှယ် အသွင်ပြောင်းသွားပြီး . . .

"လူမဆန်တဲ့ သူကြီး၊ စာနာစိတ်မရှိတဲ့ သူကြီး၊ နင့်အိမ်
မြေးနဲ့ ငါ့သားနဲ့က ရွယ်တူပဲ သူကြီးယုတ်ရဲ့၊ နင့်မြေးကျတော့ ဖ
ထားပြီး ငါ့သားကို ထိုးထည့်တယ်၊ နင့်လောက်အောက်တန်းကျတဲ့
လောကမှာ ရှိမှာမဟုတ်ဘူး . . .၊

ဂျပန်က တော်ပတွေးမို့ မျက်နှာလုပ်နေတာလား၊ အသ
ထဲက လောက်ထွက်တဲ့ ကျွန်သဘောက်ကောင်ကြီး . . . ငါ့သာ
ဂျပန်လက်ထဲထည့်တဲ့ လူယုတ်မာကြီး . . . အသေဆိုးနဲ့ သေပ
တော်"





ဟု သွေးရူးသွေးတန်း ကြိမ်းဝါးလျက် သူကြီးအား ထုနှက်
ကုတ်ဖဲ့လေ၏။

ဂျပန်အရာရှိမှာ ထိုမိန်းမ၏လုပ်ရပ်ကြောင့် မျက်နှာကြီးနီမြန်း
ကာ အနားသို့လျှောက်သွားပြီး ဆံပင်ကို ဆောင့်ဆွဲလိုက်၏။

ထို့နောက် ဆဲရေးတိုင်းထွာကာ ပါးကို ဘယ်ပြန်ညာပြန်
ရိုက်ချလိုက်၏။

ကလေးငယ်မှာ ဂျပန်လက်မှ ရုန်းကန်လျက် . . .

"အမေ့ကို မရိုက်ပါနဲ့ မရိုက်ပါနဲ့ . . . အီး ဟီး ဟီး"

ဟု ရှေ့ရွတ်ကာ ကျယ်လောင်စွာ ငိုကြွေးလေ၏။

ရွာသူများသည် ထိုသားအမိ၏အဖြစ်ကိုကြည့်ကာ လွန်စွာ
စိတ်မကောင်းဖြစ်ကြရ၏။

သို့သော် သူတို့အားလုံး မျက်ရည်စို ငိုရှုံ့မှုတစ်ပါး မည်သို့
မတတ်နိုင်ရှာချေ။

ဂျပန်အရာရှိသည် သားသည်မိခင်အား စိတ်ရှိလက်ရှိ ရိုက်
ပြီးလျှင် သူ့လူများအား အချက်ပြကာ ထိုနေရာမှ ထွက်ခွာရန်
ပြင်လေ၏။

ဂျပန်များ၏လက်၌မူ ကလေးငယ်အပါအဝင် ရွေးတပ် တပ်



www.burmeseclassic.com

www.burmeseclassic.com



သား အယောက်သုံးဆယ်မျှ ပါလေ၏။

သားသည်မိခင်မှာ ပါးစောင်မှ သွေးတောက်တောက်ကျနေ

သည်ကိုပင် ဂရုမစိုက်နိုင်ရှာ။

လဲနေရာမှ ကုန်းထ၍ ဂျပန်များရှေ့မှ ကာဆီးကာ သူ့သား

အား အတင်းဆွဲရမ်းလေ၏။

ဂျပန်အရာရှိမှာ ထိုမိန်းမ၏လုပ်ရပ်ကြောင့် ဒေါသ ငယ်ထိ

ရောက်သွားပြီး ခြေဖြင့် အားကုန်ဆောင့်ကန်လိုက်၏။

သားသည်မိခင်သည် ပြင်းထန်လှသော စစ်ဖိနပ်ဒဏ်ကြောင့်

အရှိန်ဖြင့် နောက်ပြန်လွင့်ကျသွား၏။

ထိုနောက် ဂျပန်အရာရှိသည် သေနတ်ထိပ်၌ တပ်ဆင်ထာ

သော ဓားမြှောင်ဖြင့် ထိုမိန်းမ၏ရင်ဝအား အားကုန်ထိုးစိုက်လိုက်၏

ထိုအမျိုးသမီးမှာ မျက်လုံးပြူး၊ လက်ကားယားဖြင့် ...

"သား ... သား ..."

ဟု တီးတိုးရေရွတ်ကာ အသက်ထွက်သွားရှာ၏။

ကလေးငယ်၏ "အမေ" ဟု ငယ်သံပါအောင် အော်ဟစ်

မှာ တစ်ရွာလုံး ဟိန်းတက်သွားလေ၏။

ရွာသူများသည် ရင်နင့်ဖွယ်အဖြစ်ဆိုးကြောင့် မျက်ရည်





အံကြိတ်လျက် စိတ်မကောင်းကြီးစွာဖြင့် ထိုနေရာမှ ထွက်ခွာသွားကြ

၏။

ကျေးရွာသူကြီးသည်လည်း "ဝါစကား နားမထောင်တဲ့ဟာမ၊

သေတာတောင် နည်းသေး" ဟူသောအကြည့်ဖြင့် အလောင်းကို

ကြည့်ကာ တံတွေးကို ထွီခနဲ ထွေးလိုက်၏။

အသက်ဆယ့်သုံးနှစ်အရွယ်ရှိ ကောင်လေးသည်ကား ဂျပန်

များလက်၌ မျက်ရည်တရွဲရွဲဖြင့် တရွတ်ဆွဲပါသွားလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

## နီပွန် ဘိဓမ္မာ ဘန်ဗိုင်း

မြစ်ကမ်းစပ်ရှိ ဆိပ်ခံဘောတံတားကြီး၌ ချေးတပ်သားများ၏ စကားပြောသံများ သောသောညံနေသလို ဂျပန်စစ်သားများ၏ စစ်ဖိနပ်သံများ၊ ဂျပန်တို့၏ လက်ပါးစေ ကေဘိုထိုင်တပ်သားတို့၏ အမိန့်ပေးသံများ ညံညံစီလျက်ရှိချေ၏။

ဂျပန်များသည် ချေးတပ်သားများအား လမ်းခရီး၌ သုံးရန် တစ်ဦးလျှင် ဂျပန်ငွေအနည်းငယ်စီ ထုတ်ပေးထား၏။

ချေးတပ်သားများမှာ ထိုငွေဖြင့် ဆေးလိပ်၊ မုန့်ပဲသရေစာများ ဝယ်ခြမ်းစားသောက်ကာ တစ်ဦးနှင့်တစ်ဦး စကားဖောင်နေကြ၏။





ချေးတပ်ဆွဲရာ၌ ပါဝင်သောလူများမှာ ဂျပန်အား အထင်ကြီး၍ လိုက်ပါခဲ့သည့် လူငယ်များ၊ ဂျပန်တို့၏ အဓမ္မခေါ်ယူခြင်း ခံရသူများ၊ အလုပ်အကိုင်မရှိ၍ ဆင်ကြဲ ကြဲကာ လိုက်ပါသူများ၊ စူးစမ်းချင်စိတ်ဖြင့် တိုင်းတစ်ပါးသို့ ရောက်ဖူးချင်၍ လိုက်ပါသူများ စသဖြင့် လူတန်းစားစုံလင်လွန်းလှ၏။

ထို ချေးတပ်သားများအား ခြုံငုံ၍ကြည့်ပါက တောနေလူတန်းစားသာ အများဆုံးပါဝင်၏။

မြို့နေ လူလတ်တန်းစားများသည်ကား အလိုတော်ရိများအား ဆက်ဆောင်ပဏ္ဏာနှင့် ငွေစ ဆက်သ၍ ချေးတပ်သို့မပါရအောင် ကြိုးစားခဲ့ကြသည် မဟုတ်ပါလား။

ဂျပန်များသည် ချေးတပ်သားများထံမှ ပညာအရည်အချင်း ...တင့်သူများအား ရွေးချယ်၍ ချေးတပ်သားများအား အုပ်ချုပ်ရန် ဘွန်ထိုက်ချို၊ ဟန်ချို' များ ခန့်အပ်၏။

ထို ဘွန်ထိုက်ချို၊ ဟန်ချိုများသည် လက်မောင်း၌ လက်...များ ပတ်ထားရ၏။

ဘွန်ထိုက်ချိုတို့၏ အထက်၌မူ 'ဝါဒဖြန့်ချိရေးမှူး' ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



ထို ဝါဒဖြန့်ချိရေးမှူးသည်လည်း ခွေးတပ်သားများထဲမှပင် ဂျပန်များ စိတ်တိုင်းကျ ရွေးချယ်ခန့်အပ်ထားခြင်း ဖြစ်၏။

"ဟသ်ာတခရိုင် ရှေ့ထွက်"

"ဘွန်ထိုက်ချို, ဟန်ချိုတွေ ရှေ့ဆုံးကိုထွက်"

ကေဘိုထိုင်အရာရှိ၏ အော်သံကြောင့် လူအုပ်ကြီးမှာ အသံများငြိမ်ကျလျက် ဟသ်ာတခရိုင်ရှိ လူများ ရှေ့ထွက်ရ၏။

မိထွေးအား ရိုက်နှက်ကာ ထွက်ပြေးခဲ့သော ကိုကိုကြီးသည်လည်း အလျင်အမြန်ပင် ရှေ့ထွက်ရပ်လိုက်၏။

ကေဘိုထိုင်အရာရှိသည် ခွေးတပ်သားများအား လေးယောက်တစ်တွဲ တွဲရန် အမိန့်ပေး၏။

ကိုကိုကြီးသည် လူငယ်တစ်ဦး၊ အဘိုးကြီးတစ်ဦးနှင့် ကလေးတစ်ဦးတို့ဖြင့် အတွဲကျ၏။

ကေဘိုထိုင်အရာရှိသည် ၎င်းတို့အား တစ်တွဲစီ စီတန်း၍ ရှက်ဖျင်တဲတစ်ခုအတွင်းသို့ ဝင်စေ၏။

တဲအတွင်း၌မူ ကုတ်အင်္ကျီဝတ်၊ နားကျပ်ကိုင် ဆရာဝန်များ သူနာပြုများနှင့် ဆေးမှူးများ ရှိနေ၏။

ခွေးတပ်သားများအား ကျောက်ရောဂါကာကွယ်ဆေး ထိုး





ပေးခြင်း ဖြစ်၏။

ခွေးတပ်သားများ ကာကွယ်ဆေးထိုးနေချိန်၌ ဆိပ်ကမ်းသို့ လွန်စွာကြီးမားသော သင်္ဘောများ တစ်စီးပြီးတစ်စီး ဆိုက်ကပ်လာ၏။

ကာကွယ်ဆေးထိုးပြီးလျှင် ဂျပန်အရာရှိတစ်ဦးသည် မြန်မာစကားဖြင့် မိန့်ခွန်းပြောကြား၏။

ခွေးတပ်သားများသည် ကေဘိုထိုင်နှင့် ဘွန်ထိုက်ချိုတို့၏ ကြိုတင်မှာထားချက်ကြောင့် တုတ်တုတ်မျှ မလှုပ်ရဲကြ။

ရှည်လျားလှသော ဂျပန်အရာရှိ၏ မိန့်ကြားချက်များအား ပျင်းရိငြီးငွေ့ဖွယ် နားထောင်ကြရ၏။

မိန့်ခွန်းပြောခြင်း ပြီးဆုံးလျှင် ခွေးတပ်သားများမှာ ကြိုတင်သင်ကြားပေးမှုအတိုင်း "နိပ္ပွန် ဘီဇော ဘန်ဇိုင်း" ဟု သံပြိုင်အော်ဟစ်ရလေ၏။

ပြီးလျှင် ဂျပန်များနှင့် ဝါးချွန်ကိုင် ကေဘိုထိုင်တပ်သားများသည် လူသုံးရာမျှရှိသော ခွေးတပ်သားများအား အဖွဲ့ဖွဲ့ကာ သင်္ဘောကြီးများပေါ်သို့ တက်စေ၏။

ခွေးတပ်သားအားလုံး သင်္ဘောပေါ်သို့ရောက်လျှင် အချက်ပေးသံနှင့်အတူ သင်္ဘောများသည် ဆိပ်ကမ်းမှ စတင်ထွက်ခွာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစတင်၍ ၎င်းတို့အားလုံး အဆုံးအစမဲ့သည့် ငရဲလမ်းသို့ ခြေချမိသည်ကို ခွေးတပ်သားများ သိရှိခဲ့ပါလျှင် . . .။

*

## ငရဲလမ်းသို့ ခေါ်ကြပြီ

ရန်ကုန်ဆိပ်ကမ်းသို့ရောက်လျှင် ရန်ကုန်ဘူတာကြီးသို့ ခြေကျင် ချီတက်ကြရ၏။

ဒုတိယကမ္ဘာစစ်၏ ဒဏ်ချက်ကြောင့် ရန်ကုန်မြို့ကြီးမှာ အထီးကျန်ခြင်းလော၊ အကျည်းတန်ကြ[illegible]လလော။

ပူပြင်းလှသော နေရော[illegible] ဖွေ့ထောင်းထောင်းထမတတ် ပြောင်လက်နေသည့် ကတ္တရာလမ်းထက် ခြေလျင်လျှောက်ရသော ခွေးတပ်သားများမှာ အရှင်လတ်လတ် မီးမြှိုက်ခံရသည့်နှယ်။

ရန်ကုန်ဘူတာကြီးသို့ရောက်လျှင် များပြားလှသော လူအုပ်ကြီးကို တွေ့ရ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တပ်သားများနှင့် တာဝန်မှူးလက်ပတ် ပတ်ထားသည့် လူများသည် ရထားပေါ်သို့ လူများအား တန်းစီ၍တက်ရန် အမိန့်ပေးနေ၏။

ကိုကိုကြီးတို့ ဟာသ်တခရိုင်အဖွဲ့သည်လည်း ထိုလူများနည်းတူ ရထားပေါ်သို့ တက်ကြရ၏။

ကိုကိုကြီးသည် တာဝန်မှူးချပေးသည့် ခုံနေရာတစ်ခု၌ ဝင်ထိုင်လိုက်၏။

၎င်း၏နံဘေး၌မူ ရွယ်တူလူငယ်တစ်ဦးရောက်ရှိလာ၏။

ခဏအကြာတွင် ၎င်း၏ရှေ့ မျက်နှာချင်းဆိုင်ခုံသို့ အဘိုးကြီးတစ်ဦးနှင့် ကောင်လေးတစ်ယောက် ရောက်ရှိလာ၏။

ကိုကိုကြီးမှာ ၎င်းတို့အား ကြည့်၍ အံ့အားသင့်သွားမိ၏။

အဘယ်ကြောင့်ဆိုသော ကာကွယ်ဆေးထိုးရန် လေးယောက် တစ်တွဲ စီတန်းစဉ်ကာ အတူတွဲခဲ့ရသော လူများပင်ဖြစ်၏။

တစ်အောင့်မျှကြာလျှင် ရထားဥသြသံ ထွက်ပေါ်လာပြီး ဘူတာမှ စတင်ထွက်ခွာလာ၏။

ရထားထွက်သည်နှင့် တစ်ပြိုင်နက် ရှေ့ထိုင်ခုံရှိ ကောင်လေးမှာ တအီးအီး ငိုချလေ၏။





ကိုကိုကြီးနှင့် ကျန်လူများမှာ ကောင်လေးအား ...

"ဟော့ ကလေး ... ဘာလို့ ငိုနေတာလဲကွ၊ ငိုမနေနဲ့လေကွာ၊ တော်ကြာ ဂျပန်တွေတွေ့လို့ အပြစ်ပေးနေဦးမယ်"

ဟု ဝိုင်းဝန်းပြောကြ၏။

ကောင်လေးသည် မျက်ရည်များအား လက်ခုံဖြင့် ပွတ်သပ်လျက် ...

"ကျွန်တော့်အမေကို သတိရလို့ပါဗျာ၊ အမေ အမေ ... ကျွန်တော့်ကြောင့် ဒုက္ခရောက်ရတာ"

ဟု ငိုသံကြီးဖြင့် ရေရွတ်၏။

ကောင်လေး၏စကားကြောင့် ကိုကိုကြီးမှာ များစွာ စိတ်ဝင်စားသွားပြီး ...

"နေပါဦးကွ ... မင်းကြည့်ရတာ ငယ်ငယ်လေးရှိသေးတယ်၊ ဘယ်လိုလုပ်ပြီး ချွေးတပ်ထဲ ပါလာတာလဲကွ"

ဟု မေးလိုက်၏။

ကောင်လေးသည် ရှိုက်သံစွက်သောအသံဖြင့် ...

"ဂျ ဂျပန်တွေ အမေ့ကို သတ်ပစ်ကြတယ်၊ ပြီးတော့ ကျွန်တော့်ကို အတင်းဆွဲပြီး ခေါ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားမဆုံးမီပင် ငိုကြွေးပြန်၏။

ကောင်လေး၏စကားကြောင့် ကိုကိုကြီးနှင့် လူအားလုံးမှာ စိတ်မကောင်းကြီးစွာ ဖြစ်သွားကြ၏။

ထိုအခိုက်မှာပင် ကောင်လေး၏ဘေးခုံ၌ထိုင်သည့် အဘိုးကြီးသည် ကြေကွဲနာကြည်းဟန်ဖြင့် . . .

"နယ်ချဲ့ဆို ဘယ်သူမှ မကောင်းဘူး၊ မျက်နှာဖြူတွေ ဆိုးလှပြီလို့ ထင်ခဲ့တာ၊ နီပွန်တွေလည်း ထူးမခြားနားပါဘဲ၊ ကျုပ်အဖြစ်လည်း ဘာထူးမှာလဲ၊ အိမ်က အဘွားကြီး သေပြီးကျန်ရစ်လားတောင် မသိပါဘူး"

ဟု တုန်ယင်သောအသံဖြင့် ဆို၏။

ကိုကိုကြီး၏နံဘေးရှိ လူငယ်သည် အဘိုးကြီးအား . . .

"ဘယ်လိုများ ဖြစ်ရတာလဲ ဦးကြီးရယ် . . . ပြောပြပါဦး"

ဟု ဆိုလိုက်ရာ အဘိုးကြီးသည် အံတင်းတင်းကြိတ်၍ . .

"ကျုပ်က ရွေးတပ်ထဲသာ လိုက်လာရတာ ကောင်းကောင်းကျန်းမာတာ မဟုတ်ဘူး။ အမိက သူကြီးမကောင်းလို့ပေါ့၊ ကျုပ်ကို ဂျပန်တွေလက်ထဲ အတင်းထည့်တယ်၊ ကျုပ်က ခြေသလုံးဖက်တောင်းပန်တော့ ရွေးတပ်ထဲမပါချင်ရင် ငွေတစ်ရာ ပေးရမယ်တဲ့၊





ကျုပ်တို့က အဘိုးကြီး အဘွားကြီး နှစ်ယောက်ပဲရှိတာ၊ အဘွားကြီးက ဘိန်းမုန့်လုပ်ရောင်းတယ်၊ ကျုပ်တို့မှာ နာမကျန်းဖြစ်တာတောင် ဆေးဆရာပင့်ဖို့ ငွေမရှိခဲ့ဘူး၊ သူကြီးတောင်းတဲ့ ငွေတစ်ရာဆိုတာ အိပ်မက်တောင် မမက်ဖူးပါဘူးကွယ်၊ ငွေမပေးနိုင်ကြောင်း ပြောတဲ့ အချိန်မှာပဲ ရွာကို ဂျပန်တွေ ရောက်လာတယ်၊ ကျုပ်နဲ့အတူ ဖမ်းဆီးထားတဲ့ ရွာသားတွေကို သူကြီးယုတ်က ဂျပန်တွေလက် လွှဲပေးခဲ့တယ်၊ အဲဒီမှာ အိမ်က အဘွားကြီးရောက်လာပြီး ကျုပ်အဖြစ်ကို မြင် တော့ စိတ်ထိခိုက်တယ်ထင်ပါရဲ့ . . . တစ်ခါတည်း လဲကျသွားတော့တာပါပဲကွယ်"

ဟု ပြန်ပြောကာ မျက်ရည်ဖြိုင်ဖြိုင် ကျရှာ၏။

လူငယ်သည် သက်ပြင်းချလျက် . . .

"ကျုပ်ကတော့ ဦးကြီးတို့လို မဟုတ်ဘူး။ ကျုပ်မှာ မိဘဆွေမျိုးမရှိဘူး၊ ကျုပ်က ရွာမှာတော့ နွားကျောင်းသားပေါ့၊ သူကြီးနဲ့ ဂျပန်တွေ ကျုပ်နောက်လိုက်တော့ ကျုပ် ချောင်းရေထဲဆင်းပြီး အကြာကြီးငုပ်နေတာ၊ ဒင်းတို့ ထွက်သွားပြီထင်လောက်မှ ခေါင်းလည်း ဖော်ရော တကယ်ခွဲကောင်းတဲ့ လူတွေဗျာ . . . ကျုပ်ကို သေနတ်တွေနဲ့ ချိန်ပြီး စောင့်နေကြတာဗျ၊ အခု ဒီကောင်တွေ ကျုပ်တို့ကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားကြတာလဲ''

ဟု ပြောလိုက်ရာ ကိုကိုကြီးက ...

''ကေဘိုထိုင်အရာရှိတစ်ယောက်ပြောတာ ကျုပ်ကြားလိုက်တယ်၊ ကျုပ်တို့ မော်လမြိုင်မြို့ကို သွားနေကြတာ၊ ကျုပ်ကတော့ ခင်ဗျားတို့လို မဟုတ်ဘူး၊ ကျုပ်ကို ''မိမစစ်ကောင်'' လို့ ပြောတဲ့ မိထွေးကို ရိုက်ပြီး ရွာက ထွက်ပြေးခဲ့တာဗျ၊ တစ်နေရာရောက်တော့ ကေဘိုထိုင်တပ်သားတစ်ယောက်နဲ့တွေ့ပြီး ရွေးတပ်ထဲကို လူစားလိုက်ခဲ့တာ၊ အဲဒီအတွက် ငွေသုံးရာရတယ်ဗျ၊ သူတို့ပြောပုံအရဆို ရွေးတပ်ထဲ လိုက်ရတာ ကောင်းပါတယ်ဗျ၊ လခကောင်းကောင်းရမယ်၊ ကောင်းကောင်းစားပြီး ကောင်းကောင်းနေရမယ်၊ တစ်နှစ်ပြည့်ရင် အိမ်ပြန်ခွင့်ရှိသေးတယ်တဲ့ဗျ၊ သိပ်လည်း ညည်းမနေကြပါနဲ့''

ဟု ပြောလိုက်လေ၏။

ကိုကိုကြီး၏စကားကြောင့် ကျန်လူများမှာ စိတ်အားတက်ကြွသွားကြပြီး ...

''တကယ်လားဗျ၊ အိမ်ပြန်ခွင့်ရှိရင် တော်သေးတာပေါ့ဗျာ၊ အဲဒီအတိုင်း တကယ်ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ၊ ဖြစ်တော့ ဖြစ်နိုင်ပါတယ်၊ မြို့က မထွက်ခင်တောင် ကျုပ်တို့ကို ငွေတွေပေးခဲ့သေး





တာပဲ၊ ကျုပ်တို့ တွေးကြောက်သလောက် ဆိုးမယ်တော့ မထင်ပါဘူး''

ဟု လူငယ်မှ ဆိုလေ၏။

ထို့နောက်တွင်မူ ကိုကိုကြီးတို့လေးဦးမှာ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်စကားဆို၍ စကားများ ဖောင်ဖွဲ့ကြ၏။

ခဏတွင်းချင်းပင် ၎င်းတို့လေးဦးမှာ ရင်းနှီးကျွမ်းဝင်သွားကြလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်ရှိ ဧရဲခန်း

မုတ္တမသို့ရောက်လျှင် ချွေးတပ်သားများအားလုံး ရထားပေါ်

ဆင်းကြရ၏။

ချွေးတပ်သားများအား အုပ်ချုပ်ရသော ဘွန်ထိုက်ချိ၊ ဟန်

များသည် မိမိတို့အုပ်စုရှိ လူများအား ရေတွက်စစ်ဆေး၍ စကား

လူများမှတစ်ဆင့် ဂျပန်အရာရှိများထံ သတင်းပို့ရ၏။

ပြီးလျှင် လေးယောက်တစ်တွဲ တွဲလျက် မြစ်ဆိပ်သို့ ဆင်း

ရလေ၏။

သင်္ဘောကြီးများဖြင့် မုတ္တမတစ်ဖက်ကမ်းရှိ မော်လမြိုင်မြို့

ခရီးဆက်ကြ၏။





မော်လမြိုင်ဆိပ်ခံဘောတံတားဦးမှ သေနတ်တကားကားဖြင့် ခြေချင်းလိမ်မတတ် များပြားလှန်းသည့် ဂျပန်တပ်သားများ၊ ဂျပန်တံဆိပ်ပါ တလက်ပတ်များ ပတ်ထားသည့် မြန်မာများနှင့် ကုလားများအား တွေ့ရလေ၏။

ချွေးတပ်သားများအား မော်လမြိုင်ချွေးတပ်စခန်းသို့ ခေါ်ဆောင်သွား၏။

ဂျပန်များ၏ ချွေးတပ်သားများအပေါ် ဆက်ဆံပုံမှာ လုံးဝပြောင်းလဲသွားချေပြီ။

ချွေးတပ်သားများအား ၎င်းတို့ စိတ်မထင်လျှင် မထင်သလို ပါးနားရိုက်ခြင်း၊ စစ်ဖိနပ်ဖြင့် သေမတတ် ကန်ကျောက်ခြင်းများ ပြုလုပ်ကြ၏။

ထိုပြောင်းလဲမှုအား သတိပြုမိသော မောင်ချစ်ဖေသည် ကိုကိုကြီးအား အနားကပ်၍ . . .

"ဂျပန်တွေကြည့်ရတာ သိပ်မဟုတ်တော့ဘူး၊ ကိုယ့်လူပြောတဲ့အတိုင်း ဖြစ်ပါ့မလား၊ အလကားနေရင်း လူတွေကို နှိပ်စက်နေတာ ဗျ၊ သိပ်လူပါးဝတဲ့ ကောင်တွေ"

ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးသည်လည်း ထိုအဖြစ်အပျက်အား မျက်ဝါးထ ထင် တွေ့နေရသဖြင့် . . .

“ကျုပ်လည်း သူများပြောလို့ ပြန်ပြောပြတာလေ . . . ဘယ် လိုလုပ် သိမှာတုံးဗျ။ မြင်ရတာတော့ စိတ်ပျက်စရာပဲ၊ ဟူး . . . ရေ ဆက် ဘယ်လောက်ထိ ဆိုးရွားမလဲ မသိဘူး”

ဟု ညည်းညူလိုက်၏။

ထိုအခါ အဘိုးအို ဘိုးချစ်မြိုင်က သက်ပြင်းချလျက် . . .

“ပေါက်တဲ့နဖူး မထူးပါဘူး မောင်ရင်တို့ရယ်၊ ဒင်းတို့ အမျ မရှုအောင် သတိထားပြီး နေရမှာပေါ့၊ ကျုပ်တို့လျှောက်ခဲ့တဲ့လမ်းဟ ငရဲလမ်းလား, ရွှေလမ်းလားဆိုတာ ရုပ်လုံးပေါ်နေပါပြီ”

ဟု လေးတွဲ့သောအသံဖြင့် ဆို၏။

ထိုအခိုက်မှာပင် . . .

ကုလားဒိန်လေးတစ်ဦးသည် ဒီလုံးလေးရှိရာ လျှောက်လာ ရင်ဘတ်အား ဆောင့်ကန်လျက် . . .

“ဒါ မင်း အမေ့လင်အိမ် မဟုတ်ဘူးကွ၊ ပျင်းလို့ ထိုင်မ နဲ့ . . . သေချာထိုင်စမ်း”

ဟု အသားလွတ် ကြုံးဝါး၏။

ရွှေမင်းသမီးစာပေ



ကုလားဒိန်လေး၏လုပ်ရပ်ကြောင့် ကိုကိုကြီးမှာ ဒေါသ ဆောင်းခနဲ ထွက်သွား၏။

ထို့ကြောင့် ထ၍ထိုးကြိတ်မည်ပြင်ရာ ဘိုးချစ်မြိုင်က ၎င်း၏ က်အား ဆောင့်ဆွဲလိုက်၏။

ဒီလုံးလေးမှာ ရင်ဘတ်အား လက်ဖြင့်ဖိလျက် ကိုယ်ကို ဆ်အောင် ပြင်ထိုင်ရ၏။

ထိုအခိုက်မှာပင် လက်မောင်း၌အရစ်ပါသော ဂျပန်တပ်ကြပ် စ်ဦးသည် ကုလားဒိန်လေးအနီးသို့ ရောက်ရှိလာပြီး ဂျပန်ဘာသာ င့် စကားပြော၏။

ကုလားဒိန်လေးမှာ ဒီလုံးလေးအား မကျေမနပ် မျက်စောင်း ကြည့်လျက် လွန်စွာရိုကျိုးသော အမူအရာဖြင့် . . .

“ဟိုက် မာစတာ ဟိုက်”

ဟု တစ်ဟိုက်တည်းဟိုက်ကာ ထိုဂျပန်နှင့်အတူ ထွက်ခွာသွား

ထိုစဉ် . . .

ဂျပန်နှစ်ယောက်သည် လူတစ်ယောက်အား လက်ပြန် း တုပ်လျက် တရွတ်ဆွဲခေါ်လာ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တရွတ်ဆွဲပါလာသောသူမှာ တစ်ကိုယ်လုံး ညစ်ပတ်စုတ်ပြတ်ကာ အားအင်ချည့်နဲ့ပုံလည်း ရလေ၏။

ဂျပန်များ စုဝေးရပ်နေသည့် နေရာသို့ရောက်လျှင် ထိုလူအား ဆံပင်မှဆောင့်ဆွဲကာ သူတို့၏ဂျပန်ဘာသာဖြင့် စကားပြောကြ၏။

ဂျပန်များသည် ထိုလူအား ဘီလူးစီးနေသည့်နှယ် ရိုက်နှက်ကြ၏။

အငွေ့ထောင်းထောင်းထနေသည့် ရေနွေးဇလုံကြီးထဲသို့ ထိုလူအား ခေါင်းမှဆွဲကာ နှစ်လေ၏။

ထိုလူမှာ နာကျင်ကြောက်လန့်လွန်းသဖြင့် ကယ်ပါ ယူ
တစာစာအော်နေရှာ၏။

ချွေးတပ်သားများမှာ ထိုလူ၏အဖြစ်ကိုကြည့်၍ မျက်နှာပျက်ကာ ကြောက်လွန်းသဖြင့် အသားများပင် တဆတ်ဆတ်တုန်နေရှာကြ၏။

ကိုကိုကြီးတို့လေးယောက်သည် လူမဆန်သော ယုတ်မာ
အား မမြင်လိုသဖြင့် တစ်ဖက်သို့မျက်နှာလွှဲကာ အံတကြိတ်ကြိတ်ရှိလေ၏။





ထိုစဉ် ကိုကိုကြီးတို့အဖွဲ့အား အုပ်ချုပ်ရသည့် ဟန်ချိုဝင်းမောင် ရောက်ရှိလာသဖြင့် ကိုကိုကြီးက . . .

"ဘာဖြစ်လို့ လူတစ်ယောက်ကို ဒီလောက်ထိ နှိပ်စက်နေကြတာလဲဗျာ၊ ဘာအပြစ်များ လုပ်ခဲ့လို့လဲ"

ဟုမေးရာ ဟန်ချိုဝင်းမောင်က မျက်နှာမသာမယာဖြင့် . . .

"ကျုပ်တို့ရှေ့က ရောက်နှင့်တဲ့ ချွေးတပ်သားတွေထဲက တစ်ယောက်ပါ၊ ဉာဏ်လေးတစ်ထွာတစ်မိုက်နဲ့ စခန်းက ထွက်ပြေးဖို့ကြိုးစားတာ၊ မြစ်ဆိပ်မှာ ပြန်မိတာပဲဗျို့"

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ဂျပန်များသည် ထိုချွေးတပ်သားအား အဝတ်များကို ချွတ်စေ၏။

ချွေးတပ်သားခမျာ မိမွေးတိုင်း အနေအထားဖြင့် ရှိနေစဉ် ဂျပန်တစ်ယောက်သည် လိပ်ကျောက်မြီးကိုင်၍ လူမဆန်စွာ ရိုက်နှက်၏။

ချွေးတပ်သားမှာ ငယ်သံပါအောင် ကြမ်း၍ လူးလိမ့်ကာ တစ်အောင့်မျှကြာလျှင် ငြိမ်ကျသွားရှာ၏။

ထိုစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း'

ခနဲ မြည်သွားသည့် သေနတ်သံနှင့်အတူ သွေးစီးကြောင်းကြီးမှာ ကိုကိုကြီးတို့ရှေ့သို့ ယိုစီးကျလာတော့၏။

❋

မသထာရေစာထက် ဆိုးသောထမင်း

မော်လမြိုင်စခန်း၌ နှစ်ရက်ခန့်နေပြီးနောက် ကိုကိုကြီးတို့ ပါဝင်သည့် ချွေးတပ်သားအဖွဲ့အား သံဖြူဇရပ်ရှိ ချွေးတပ်စခန်းသို့ ပို့လေ၏။

ချွေးတပ်သားများအား တဲတန်းလျား၌ နေရာချထားပေး၏။

တဲတန်းလျားကြီးများ၏ မလှမ်းမကမ်း၌မူ မြေစိုက်တဲကြီး တစ်လုံးရှိ၏။

ထိုမြေစိုက်တဲကြီးမှာ ထမင်းစားရုံဖြစ်၍ ချွေးတပ်သားများ ထမင်းစားရန် ဖြစ်၏။

ဘွန်ထိုက်ချို၊ ဟန်ချိုများသည် မိမိတာဝန်ယူထားသည့်

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုအား လူစစ်ဆေး၏။

ကိုကိုကြီးတို့ လေးယောက်အဖွဲ့မှာ တဲတစ်ခုအတွင်း၌ အတူ ကျသဖြင့် များစွာစိတ်သက်သာရာ ရကြ၏။

ထမင်းချက်အဖွဲ့သည် ထမင်းချက်တဲကြီး၌ စတင်ချက်ပြုတ် နေကြပြီဖြစ်၏။

ထိုအခိုက်မှာပင် မိုးသည် တဖျောက်ဖျောက်ရွာချ၏။

ချွေးတပ်သားများနေရသည့် တဲတန်းလျားကြီးမှာ အမိုးမလုံ သဖြင့် ချွေးတပ်သားတချို့မှာ မိုးရေထဲ၌ပင် အနားယူရလေ၏။

ခဏကြာလျှင် ထမင်းချက်ခေါင်း၏ ထမင်းဆွဲရန် အချက် ပေးသံကို ကြားရ၏။

"ဟင်္သာတခရိုင်တွေ လေးယောက်တစ်တွဲ စီပါ၊ ထမင်းစားရုံ ကို သွားကြ"

ဘွန်ထိုက်ချူချက်ကြီး၏ ဆော်သြသံကြောင့် ကိုကိုကြီးတို့ လေးဦးမှာ လေးယောက်တစ်တွဲစီ၍ ထွက်ခဲ့၏။

တခြား ချွေးတပ်သားများမှာ အဝတ်အစား အသုံးအဆောင် များ ထိုက်သင့်သလောက်ပါကြသော်လည်း ၎င်းတို့လေးဦးမှာ အဝတ် တစ်ထည် ကိုယ်တစ်ခုပင် ဖြစ်၏။





ထို့ကြောင့် လက်ပလာဖြင့်ပင် ထမင်းစားရုံသို့ စီတန်းထွက် ခဲ့၏။

ဟင်္သာတခရိုင်အဖွဲ့၌ လွန်စွာ ဆိုက်ဂိုက်ကောင်း၍ မြောက် ကြွကြွသဏ္ဌာန်ရှိသော လူတစ်ယောက်ပါ၏။

ထိုသူမှာ လယ်ပိုင်ရှင်သားတစ်ဦးဖြစ်၍ ဟိတ်ကြီးဟန်ကြီး နိုင်လွန်းလှ၏။

ထမင်းစားရမည်ဆိုလျှင် ၎င်း၌ပါလာသည့် တိုက်ပန်းကန်နှင့် ဖွန်းခက်ရင်းတို့ကိုထုတ်ကာ ဆောင့်ကြွားကြွားအမူအရာဖြင့် လျှောက် သွား၏။

ထိုလယ်ရှင်သားမှာ ကိုကိုကြီးတို့နောက်၌ တန်းစီသဖြင့် ထမင်းစားရုံသို့ ရောက်လျှင် ၎င်းတို့နံဘေး၌ပင် ကျလေ၏။

ထမင်းစားရုံတစ်ခုလုံး အမိုးမလုံသဖြင့် မိုးရေတောက် တောက် ကျနေ၏။

ထမင်းစားခုံ၌မူ ဖျာကြမ်းခင်း၍ ဖျာကြမ်းပြင်ပေါ်၌ ငှက်ပျော ဖက်ကြီးအား ခင်းထား၏။

ထမင်းစားရုံ၌ တာဝန်ကျသူများမှာ ချွေးတပ်သားထဲမှပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့သည် ဆောင့်ကြီးအောင့်ကြီးအမူအရာဖြင့် ငှက်ပျော ဖက်များပေါ်သို့ နီတာရဲထမင်းနှင့် ကန့်စွန်းဥပြုတ်ဟင်းများ လိုက်ထည့် ပေး၏။

ထိုအခိုက်မှာပင် ထမင်းရုံတာဝန်မှူးသည် ကိုကိုကြီးတို့အနီး သို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာ၏။

ထို့နောက် လယ်ရှင်သား လူဆောင့်ကြွား၏မျက်နှာအား ဘယ်ပြန်ညာပြန် ရိုက်ချကာ . . .

"မင်းက ဘာကောင်မို့ တိုက်ပန်းကန်နဲ့ စားချင်ရတာလဲကွ၊ ဒီနေရာလာပြီး ဒေါင့်မကျိုးတဲ့ပုံ မဖမ်းနဲ့ . . . မသာပေါ်သွားမယ်၊ ဘာမှတ်သလဲ . . . ပေးစမ်း"

ဟု ကြုံးဝါးလျက် ပန်းကန်နှင့် ဖွန်းခက်ရင်းအား ဆောင့်ဆွဲ ယူသွား၏။

လယ်ရှင်သားမှာ ပါးနှစ်ဖက်အား လက်ဝါးဖြင့် ပွတ်သပ် လျက် မျက်နှာငယ်လေးဖြင့် ကျန်ရစ်ခဲ့ရှာ၏။

ကိုကိုကြီးသည် နီတာရဲထမင်းနှင့် ကန့်စွန်းဥပြုတ်အား ဝါး မျိုရင်း . . .

"ရွာမှာတုန်းက ငါ့မိထွေးကျွေးတဲ့ မသထာရေစာထမင်း





တောင် ဒီလောက်မဆိုးဘူး၊ လူတွေကို တိရစ္ဆာန်လောက်တောင် မသတ်မှတ်ဘူး၊ ဒီထမင်းမျိုး ခွေးကျွေးရင်တောင် စားမှာမဟုတ်ဘူး . . . တောက်"

ဟု စိတ်တွင်းမှ ခံပြင်းစွာ ဆိုမိချေ၏။

"မအေပေးကြီး . . . အိုကြီးအိုမနဲ့ သောက်စားကြီးမနေနဲ့၊ ဒါ ခင်ဗျားမယားငယ်အိမ် မဟုတ်ဘူး၊ ဒီနေရာမှာ အားလုံး ပုံစံပဲ၊ သွားစမ်းဗျာ"

ကျယ်လောင်စွာ ထွက်ပေါ်လာသည့် ရန့်ရင်းကြမ်းတမ်းသံ ကြောင့် အားလုံးရဲ့အကြည့်မှာ ထမင်းချက်ခေါင်းဆီ ကျရောက်သွား ၏။

ထမင်းချက်ခေါင်း၏ ဆောင့်တွန်းခြင်းခံရသော အဘိုးကြီး တစ်ယောက်။

အဘိုးကြီးသည် မြေမှ ကုန်းရုန်းထရင်း . . .

"လူလေးရယ် . . . အဘ ထမင်းမဝလို့ တောင်းမိတာ အပြစ် ရှိသလားကွယ်"

ဟု တုန်ယင်သောအသံဖြင့် ပြောလေ၏။

ထမင်းချက်ခေါင်းမှာ လက်၌ကိုင်ထားသည့် သစ်သား



www.burmeseclassic.com

www.burmeseclassic.com



ယောက်မကြီးဖြင့် အဘိုးအို၏မျက်နှာအား ဖြတ်ရိုက်လိုက်ရင်း . . .

"+++ကြီး၊ ကျုပ်က နီပွန်မာစတာကြီးတွေ မှာတဲ့အတိုင်း လုပ်နေတာ၊ ဟော့လူတွေ . . . ခင်ဗျားတို့အားလုံးကို ပြောထားမယ် . . . ချွေးတပ်စခန်းမှာ ထမင်းကို ပုံစံအတိုင်းပဲ ရမယ်၊ ထပ်တောင်းဖို့ စိတ်မကူးနဲ့၊ ပြဿနာရှာလို့ကတော့ ထမင်းချက်မောင်ကြီးတဲ့၊ ကျုပ် အကြောင်း ကောင်းကောင်းသိရစေမယ်"

ဟု ကြုံးဝါးလိုက်လေ၏။

*

"မာစတာကြီး စကားပြောမယ်၊ အားလုံး လေးယောက်တစ် တွဲစီပြီး အမြန်ထွက်ကြ"

ဟန်ချိုဝင်းမောင်၏အသံကြောင့် တဲလိုင်းပေါ်ရှိ ချွေးတပ် သားများအားလုံး ဝရုန်းသုန်းကား ဖြစ်သွား၏။

"မိုးချုပ်နေမှကွာ၊ လူပုသလောက် လျှာရှည်တဲ့ ဂျပန်ကောင် တွေ"

ချစ်ဖေသည် မကျေမနပ်ရေရွတ်လျက် ကိုကိုကြီးတို့နှင့်အတူ လေးယောက်တွဲ စီလိုက်၏။

ချွေးတပ်သားများ အသင့်ဖြစ်လျှင် လက်မောင်း၌ လိုင်းသုံး

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုင်းပါသည့် ဂျပန်ဗိုလ်နှင့် ကုလားဒိန်တစ်ဦး ရောက်ရှိလာ၏။

ဘွန်ထိုက်ချိုဝင်းမောင်နှင့် ဟန်ချို အေးချိုတို့သည် ဂျပန်ဗိုလ်အား ဦးညွှတ်အရိုအသေပြုကြ၏။

ချွေးတပ်သားများမှာ သတိအနေအထားဖြင့် အသက်ပင် ရဲရဲမျှ မရှူရဲ။

ဂျပန်ဗိုလ်သည် ချွေးတပ်သားများရှေ့၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် တစ်ဦးချင်းစီ၏မျက်နှာအား စေ့စေ့ကြည့်၏။

အတန်ကြာအောင် လျှောက်ပြီးလျှင် ကုလားဒိန်အား ဂျပန်ဘာသာဖြင့် စကားပြော၏။

"မင်းတို့အားလုံး မနက်ဖြန်က ခပြီး အလုပ်ဝင်ရမယ်၊ အလုပ်လုပ်သူအားလုံးကို တစ်ပတ်တစ်ကြိမ် လုပ်အားခ ရှင်းပေးမယ် အလုပ်ပျက်ကွက်ရင်တော့ တစ်ပြားမှ မရတဲ့အပြင် အစားအသောက်ပါ အဖြတ်ခံရမယ်၊ မင်းတို့အားလုံး ဘွန်ထိုက်ချို ဟန်ချိုတွေရဲ့စကားကို နားထောင်ရမယ် ...၊

ဘွန်ထိုက်ချို ဟန်ချိုတွေကလည်း တာဝန်ကျေအောင် အုပ်ချုပ်ကွပ်ကဲရမယ်၊ ချွေးတပ်သားတွေ ထွက်ပြေးရင် ဟန်ချိုတွေ ဘွန်ထိုက်ချိုတွေ အပြစ်ပေးခံရမယ်၊ ချွေးတပ်သားအားလုံးအတွက် သိပ်အရေးကြီးတဲ့ စည်းကမ်းက တဲလိုင်းတစ်ခုနှစ်မှာရှိတဲ့ သုံ့ပန်းတွေနဲ့ စကားပြော ဆက်ဆံခြင်း လုံးဝမလုပ်ရဘူး၊ အမိန့်ကို ဖောက်ဖျက်ရင် ခုကျသလို အပြစ်ပေးခံရမယ်၊ အားလုံး မာစတာကြီးတွေရဲ့အမိန့်ကို နာခံပြီး အလုပ်ကို ကောင်းကောင်းလုပ်ကြပါ"





စကားပြန်ကုလားဒိန်၏ စကားဆုံးလျှင် ဂျပန်ဗိုလ်သည် ချွေးတပ်သားများရှေ့မှ ထွက်ခွာသွားလေ၏။

ဘွန်ထိုက်ချိုဝင်းမောင်သည် ချွေးတပ်သားများရှေ့ရပ်လျက် "ခင်ဗျားတို့အားလုံး ကြားကြတယ်နော် ... မနက်ဖြန် လုပ်ငန်းခွင်မှာ ဘာအမှားအယွင်းမှ မရှိစေနဲ့၊ ကျုပ်က ပြဿနာတက်လို့ကတော့ ဘယ်သူ့မျက်နှာမှ ထောက်မှာမဟုတ်ဘူး၊ အားလုံး အလုပ်ကို ကြိုးကြိုးစားစားလုပ်ကြပါ ... အားလုံး တန်းဖြုတ်"

ဟု သတိပေးစကားပြောပြီးလျှင် တဲတန်းလျားသို့ ပြန်စေ၏။

ကိုကိုကြီးတို့သည် အိပ်စက်ရန် အသင့်ပြုလုပ်ထားသည့် တန်းလျားပေါ်သို့ တက်ကြ၍ ကျောဆန့်ကြလေ၏။

ကိုကိုကြီး၏ ဘေးတစ်ဖက်စီ၌ ဘိုးချစ်မြိုင်နှင့်ချစ်ဖေရှိ၍ ဘိုးချစ်မြိုင်၏နံဘေး၌ ဒီလုံးလေး အိပ်စက်၏။

ထိုအခိုက်မှာပင် ဒီလုံးလေးထံမှ "တဟီးဟီး" ညည်းသံများ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၏။

ဘိုးချစ်မြိုင်သည် ဒီလုံး၏နဖူးအား စမ်းကြည့်၍ . . .

"အလို . . . ဒီကလေး ကိုယ်တွေပူနေပြီ ဒုက္ခပါပဲ . . . လုပ်

ကြပါဦး မောင်ရင်တို့ရယ်"

ဟု စိုးရိမ်တကြီး ရေရွတ်၏။

ကိုကိုကြီးနှင့် ချစ်ဖေမှာ အိပ်ရာမှ လူးလဲထလျက် ဒီလုံးအား

ကြည့်ရှုကြ၏။

"ဟုတ်တယ် . . . ကိုယ်တွေ သိပ်ပူနေတာပဲ၊ ခင်ဗျားမှာ

ဆေးမပါဘူးလားဗျ"

ကိုကိုကြီး၏အမေးကြောင့် ချစ်ဖေမှာ ခေါင်းခါယမ်းလျက်

. . .

"အဝတ်တစ်ထည် ကိုယ်တစ်ခုချင်း အတူတူပဲလေဗျာ . . .

ဘယ်လိုလုပ် ဆေးပါလိမ့်မလဲ"

ဟု ပြန်ပြော၏။

"ကျုပ် ဘွန်ထိုက်ချုံတွေဆီမှာ အကူအညီသွားတောင်း

ကြည့်မယ်၊ ခင်ဗျားက ဒီလုံးကို ရေပတ်အုပ်ထားပေး"

ကိုကိုကြီးသည် ထိုသို့ပြောပြီးနောက် တန်းလျားတ၏ထိပ်ဆုံး





ဘွန်ထိုက်ချုံရှိရာ လျှောက်သွား၏။

ဘွန်ထိုက်ချုံအေးချိုမှာ ဂျပန်များပေးထားသည့် ကူးဝါး

ဒီးကရက်အား ဖိမ်ခံဖွာရှိုက်လျက်ရှိချေ၏။

"ကိုအေးချို . . . ဒီလုံးဆိုတဲ့ကလေး ဖျားနေတယ်၊ ခင်ဗျား

မှာ ဆေးလေးများ ရှိသလား"

ကိုကိုကြီး၏အသံကြောင့် ဟန်ချုံအေးချိုမှာ မျက်လုံး စွေ

စောင်းကြည့်လျက် . . .

"ဒါ လူအိပ်ချိန်၊ ဘာဆေးမှ မရှိဘူး၊ မိုးလင်းမှ ဆေးမှူးဆီ

တောင်းပေးမယ် . . . သွားတော့"

ဟု မာထန်သောအသံဖြင့် ပြော၏။

"မဟုတ်ဘူးလေဗျာ . . . ကောင်လေး အဖျားကြီးနေတာ

မှာ မိုးလင်းထိစောင့်လို့ ဘယ်ဖြစ်မလဲ၊ ခင်ဗျား ကူညီသင့်တယ်"

အေးချိုမှာ လဲနေရာမှ ဆတ်ခနဲ ထထိုင်လျက် ကိုကိုကြီး၏

မျက်နှာအား လက်ဝါးစောင်းဖြင့် ဖြတ်ရိုက်လိုက်၏။

"+++ သား . . . မင်းက ဘာကောင်မို့ ငါ့ကို ဆရာလုပ်နေ

တာလဲ၊ သွားစမ်း . . . ငါ့ရှေ့က ထွက်သွား"

ကိုကိုကြီးမှာ လူမဆန်သော အေးချို၏ရိုင်းပျမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



များစွာ ခံပြင်းသွားမိ၏။

ထိုအခိုက်မှာပင် ဘိုးချစ်မြိုင်သည် အပြေးတစ်ပိုင်း ရောက် လာပြီး ကိုကိုကြီးအား ဆွဲခေါ်လေ၏။

ကိုကိုကြီးမှာ ဟန်ချီအေးချီအား မကျေမနပ်ကြည့်၍ ဘိုး ချစ်မြိုင်လက်၌ ပါသွား၏။

"သိပ်မိုက်ရိုင်းတဲ့လူ၊ ဒီလုံးနေရာမှာ သူ့သားဆိုရင် ဒီလို လုပ်မှာမဟုတ်ဘူး၊ ဘွန်ထိုက်ချီနေရာရတာကို ဘုရင်ခံလောက် ထင်နေတယ်၊ ရွာမှာဆိုလို့ကတော့ ဒီကောင်မျိုး ရိုက်သတ်ပစ်လိုက် ပြီ . . . တောက်"

ကိုကိုကြီး၏ ကြုံးဝါးသံကြောင့် ဘိုးချစ်မြိုင်က . . .

"ခုချိန်မှာ တို့အားလုံးဟာ ဘွန်ထိုက်ချီ၊ ဟန်ချီတွေ လက်ခုပ်ထဲက ရေတွေလို အားမတန် မာန်လျှော့ရမယ်ကွဲ့၊ ကဲ . . . ကလေးကို ရေဝတ်အုပ်ပြီး အဖျားကျအောင် လုပ်ကြတာပေါ့"

ဟု ဖျောင်းဖျစကားဆို၏။

ထိုညတစ်ညလုံး ကိုကိုကြီးတို့သုံးဦးမှာ ဒီလုံးလေးအား ရေပတ်အုပ်စောင့်ကြည့်ရင်းပင် မိုးစင်စင်လင်းရလေတော့၏။

*



## မီးမြိုက်ခံရခြင်း

နောက်တစ်နေ့သို့ရောက်လျှင် ချွေးတပ်သားများအားလုံး နက်ငါးနာရီ အိပ်ရာမှထရ၏။

ခြောက်နာရီတိတိ၌ တန်းစီကြရ၏။

ထိုသို့ တန်းစီရာ၌ တပ်ကြပ်အဆင့်ရှိ ဂျပန်တပ်သားများ သည် ဘွန်ထိုက်ချီများထံမှ ချွေးတပ်သားစာရင်းကို ပြန်လည် စစ် ဆေး၏။

ကိုကိုကြီးတို့ တန်းစီနေစဉ်တွင် ဂျပန်တပ်သားတစ်ဦး၏ ုးဝါးဝါးအော်ဟစ်သံအား ကြားလိုက်ရ၏။

ဘွန်ထိုက်ချီတစ်ဦးအား ကုပ်မှဆွဲကိုင်၍ ချွေးတပ်သားများ

www.burmeseclassic.com



ရှေ့ဦးပင် ပါးကို ဘယ်ပြန်ညာပြန် ရိုက်နှက်၏။

ထိုစဉ် ဂျပန်သုံးယောက်သည် ခွေးတပ်သားတစ်ဦးအား တရွတ်ဆွဲခေါ်လာ၏။

ပါးရိုက်ခံရသည့် ဘွန်ထိုက်ချီအား ဂရုမပြုဘဲ ခွေးတပ်သား အား ပြေး၍ ကန်ကြောက်လေ၏။

"ခူးရား . . . ဘာကရိုး"

ဟု ဆဲဆို၍ ခွေးတပ်သား၏မျက်နှာအား ဖိနပ်ဦးဖြင့် လို ကန်၏။

ထို့နောက် ခွေးတပ်သားအား ခါးတောင်းကျိုက်ခိုင်း၏။ ခြေနှစ်ချောင်းကို ကားစေကာ မီးစွဲနေသည့် ဝါးလုံးများအာ ခြေထောက်ကြားသို့ ပစ်သွင်း၏။

ခွေးတပ်သားမှာ ပူလောင်လွန်းသဖြင့် ထွန့်ထွန့်လူးနေရှာ သို့သော် ဂျပန်များမှ ကုပ်မှဆွဲကိုင်၍ ချုပ်ထားသဖြ မည်သို့မျှ မတတ်နိုင်ရှာပေ။

ငယ်သံပါမတတ် အော်ဟစ် လူးလွန့်လျက်သာ ရှိချေ

ကိုကိုကြီးသည် ထိုအဖြစ်အား မမြင်ရက်သဖြင့် အံကြိ ကာ မျက်နှာလွှဲထားမိ၏။



ထိုအဖြစ်ပေးခံရသော ခွေးတပ်သားမှာ ချုံတိုး အလေးစွန့် နေသဖြင့် တန်းစီနောက်ကျခြင်းကြောင့် ဖြစ်လေ၏။

ခွေးတပ်သား နောက်ကျသဖြင့် တာဝန်ရှိသည့် ဘွန်ထိုက် ချီအား ပါးရိုက်ဆုံးမခြင်းသာ ဖြစ်၏။

ဂျပန်များသည် အားပါးတရ နှိပ်စက်ပြီးချိန်၌ ထိုလူမှာ မြေ၌ ခွေလဲလျက် မြော့မြော့သာ ကျန်တော့၏။

ထို့နောက်တွင်မူ ခွေးတပ်သားများအားလုံး အလုပ်ရုံဘက်သို့ သွား၍ ပစ္စည်းထုတ်ယူကြရ၏။

ကျောက်ထု ကျောက်သယ်ရာ၌ လိုအပ်သည့်ပေါက်တူး၊ ပေါက်ချွန်း၊ ရဲတင်း၊ ပုဆိန်၊ မြေကြီးသယ်တောင်းများအား စာရင်းနှင့် တကွ ထုတ်ယူကြရ၏။

ကိုကိုကြီးတို့မှာ ထိုနေ့တစ်နေ့လုံး ကျောက်ထုခြင်းအလုပ် အား ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရလေ၏။

ထမင်းစားချိန်ခဏသာ အနားရ၍ နေဝင်ချိန်အထိ ကျောက် ထုကြရ၏။

အလုပ်ချိန်ပြီးလျှင် မိမိတို့ထုတ်ယူထားသောပစ္စည်းများအား အလုပ်ရုံသို့သွား၍ စာရင်းနှင့်တကွ ပြန်အပ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မိမိထုတ်ယူခဲ့သော ပစ္စည်းတစ်စုံတစ်ရာ ပျောက် ရှခဲ့ပါက ကြီးလေးသောအပြစ်ဒဏ် ခံရမည်ဖြစ်၏။

ညအိပ်ချိန်သို့ရောက်လျှင် ချွေးတပ်သားများမှာ လက်မျာ ပေါက်ပြဲလျက် တစ်ကိုယ်လုံး မဖော်ပြနိုင်လောက်အောင် နာကျင်သည် ဒဏ်ကို အလူးအလဲ ခံရရှာ၏။

ကိုကိုကြီးမှာ အရေခွံလန်၍ ပေါက်ပြဲနေသည့် လက်အစုံ ကြည့်လျက် . . .

"လောကမှာ မိတ္ထေးရဲ့နှိပ်စက်မှုကို ကြီးလှုပ်ပြီထင်ခဲ့တာ . ဖက်ဆစ်ကောင်တွေဟာ မိတ္ထေးထက် ပိုရက်စက်ပါလား။ ကျုပ်အဖြ က ငွေသုံးရာနဲ့ ကိုယ့်သေတွင်း ကိုယ်တူးမိသလိုပါပဲ၊ စိတ်ပျက် ကောင်းလိုက်တာ"

ဟု မချိတင်ကဲ ရေရွတ်၏။

ချစ်ဖေမှာ လေပူတစ်ချက် မှုတ်ထုတ်ရင်း . . .

"ကျုပ်က အလုပ်ပင်ပန်းတာ ခံနိုင်တယ်၊ ဒါပေမဲ့ ကျုပ် စားသောက်ရတဲ့အဖြစ်က အကျဉ်းသားတွေလောက်တောင် မယ ဘူး၊ လူကို တိရစ္ဆာန်လို ခိုင်းစေတယ်၊ ညှဉ်းပန်းနှိပ်စက်တယ်၊ မလင် ကျွေးတယ်၊ တောက် . . . ကျုပ်တို့တိုင်းပြည်လည်း ဘယ်ေ





များမှ ဖက်ဆစ်ဝဋ်က ကျွတ်ပါ့မလဲ၊ ကိုယ့်တိုင်းပြည်ကို ကျူးကျော်ပြီး ကျွန်သဘောက်လို အနှိပ်စက်ခံရတာ ရင်နာဖို့ သိပ်ကောင်းတယ်ဗျာ"

ဟု ခံပြင်းစွာ ဆို၏။

"ကျုပ်က ဟသ်ာတခရိုင်အဖွဲ့ထဲ ပါပေမယ့် တကယ်တော့ အညာသားဗျ၊ ကုက္ကိုကိုင်းရွာသားရဲ့သတ္တိ ဘယ်လောက်ကောင်းသလဲ ဆိုတာ ဖက်ဆစ်ကောင်တွေကို ပြလိုက်ချင်တယ်၊ ကျုပ်တို့ ဒီကောင် တွေကို နှခံပြီးထွက်ပြေးကြရင် မကောင်းဘူးလား ကိုချစ်ဖေ"

ကိုကိုကြီး၏စကားကြောင့် ငြိမ်သက်စွာ နားထောင်နေသော ဘိုးချစ်မြိုင်က . . .

"စိတ်လိုက်မာန်ပါ မလုပ်နဲ့လူလေး၊ ခုချိန်မှာ ဖားတုလို ခရုခုန်ရင် အကျနာရုံပဲ ရှိမယ်၊ ကိုယ့်ကြောင့် အများဒုက္ခရောက်မယ့် အလုပ်ကို မလုပ်ပါနဲ့၊ အချိန်က စကားပြောပါလိမ့်မယ်"

ဟု ဆိုလိုက်ရာ ချစ်ဖေက . . .

"ဟုတ်တယ်ဗျ၊ ဘိုးလေးချစ်ပြောတာ မှန်တယ်၊ ဒီကောင် တွေက သိပ်ရက်စက်သလို လက်နက်အင်အားလည်း တောင့်တယ်ဗျ၊ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးသည် မိမိရှေ့၌ ချွေးတပ်သားများအား ညှဉ်းပန်းနှိပ်စက်မှုများကို ပြန့်မြင်ယောင်လျက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ . . .

"နားဖားကြိုးထိုးခံပြီး နွားတစ်ကောင်လို ဆက်ဆံခံရတာထက်စာရင် မျိုးမစစ်ကောင်တွေကို တိုက်ခိုက်ပြီး သေရတာမှ မြတ်ပါသေးတယ်ဗျာ"

ဟု ကြုံးဝါးလိုက်လေတော့၏။

❋

## လူမဆန်သည့် နှိပ်စက်နည်းများ

သံဖြူဇရပ် ချွေးတပ်စခန်းသို့ ရောက်ရှိခဲ့သော ထောင်နှင့်ချီသည့် ချွေးတပ်သားများမှာ မိုးလင်းမှမိုးချုပ်တိုင် ပင်ပန်းကြီးစွာ အလုပ်လုပ်ရ၏။

ပဲကြီး၊ ပိန်းဥ၊ မျောက်ဥ၊ မျှစ်ရေလုံပြုတ်ဟင်းတို့ဖြင့် မဝမလင် စားသောက်ကြရ၏။

နာမကျန်းဖြစ်ပါက ဆေးဝါးဟူ၍ မရှိ။

သေကောင်ပေါင်းလဲဖြစ်ပါမှ တောတွင်းရှိ ဆေးရုံသို့ ပို့ပေး၏။

ဆေးရုံဟုဆိုသော်လည်း အမိုးအကာမလုံသည့် ယိုင်နဲ့နေ



www.burmeseclassic.com

www.burmeseclassic.com



သော တဲတန်းလျားပင် ဖြစ်၏။

ဆေးရုံရောက် ချွေးတပ်သားများမှာ တစ်ဦးလျှင် လက်နှစ်ဆုပ်စာမျှရှိသည့် ပေါ့ချွတ်ချွတ်ဆန်ပြုတ်ကိုသာ သောက်ရ၏။

ထို့ကြောင့် အများစုသည် ဆေးရုံရောက်၍ ရောဂါမသက်သာသည့်အပြင် စိတ်နောက်၍ တောတွင်းသို့ ထွက်ပြေးသွားသူများပင် ရှိ၏။

အချို့မှာ ချောင်းအတွင်းခုန်ချ၍ အဆုံးစီရင်သူများပင် ရှိခဲ့လေ၏။

ဆေးရုံသို့ အပို့ခံရမည်ဆိုလျှင် ချွေးတပ်သားများ သေမတတ် ထိတ်လန့်ကြ၏။

အဘယ်ကြောင့်ဆိုသော် ဆေးရုံပို့၍ ကျန်းကျန်းမာမာဖြင့် ပြန်ရောက်သည်မှာ အတော်ပင် နည်းပါးလေ၏။

လုပ်ငန်းခွင်၌ နေမကောင်း၍ အလုပ်မဆင်းနိုင်လျှင် ထိုနေ့အတွက် ငွေဖြတ်ရုံမျှမက ထမင်းစားခွင့်ပင် ပိတ်ထား၏။

ထို့ကြောင့် ချွေးတပ်သားများမှာ နေမကောင်းဖြစ်မည်ကို အလွန်စိုးရွံ့ကြ၏။

အလုပ်ပင်ပန်းခြင်း၊ မဝမလင် စားသောက်ရခြင်းကြောင့်





စိတ်ဓာတ်အကျကြီးကျကာ ချွေးတပ်သားများခမျာ လအနည်းငယ်အတွင်းမှာပင် အားအင်ချည့်နဲ့လာကြ၏။

အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် လိုက်ခဲ့သည့် ကိုကိုကြီးတို့လို ချွေးတပ်သားများမှာ ဝတ်စရာမရှိသဖြင့် အပေါ်ပိုင်း ဗလာကျင်းလျက် ဂုန်နီနံငယ်ပိုင်းမျှသာ ဝတ်ဆင်နိုင်၏။

ချွေးတပ်သားများ အပြစ်ပြုလုပ်ပါက ဂျပန်များသည် ကြိုးတုပ်၍ အပြစ်ပေးလေ့ရှိ၏။

အပြစ်ပေးမည့်သူအား တောတွင်းသို့ ခေါ်သွား၏။

တောတွင်းသို့ရောက်လျှင် ချွေးတပ်သားအား သစ်ပင်၌ချည်နှောင်ကာ ခြေလက်တို့ကို ကြိုးဖြင့်တုပ်၏။

ထိုချွေးတပ်သားအား အဝတ်များချွတ်၍ ဝါးရင်းတုတ်များဖြင့် စိတ်ရှိလက်ရှိ ရိုက်နှက်ကြ၏။

ပြီးလျှင် ထိုနေရာ၌ ရက်ပေါင်းများစွာ ပစ်ထားတတ်ကြ၏။

ကြိုးတုပ်ခံရသည့်လူမှာ အစာရေစာငတ်ပြတ်ရုံမျှမက တောကောင်များ၏ အန္တရာယ်ကြောင့် ထိုနေရာ၌ပင် အသက်ထွက် သေဆုံးရ၏။

နောက်တစ်နည်းမှာ ''ပုစွန်ထုပ် ငုပ်ခြင်း'' ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးတပ်သားအား ကြိုးဖြင့်မလှုပ်နိုင်အောင် တုပ်နှောင်၍ ချောင်းရေထဲသို့ ပစ်ချ၏။

ရေမွန်း၍ မလှုပ်ရှားနိုင်အောင် ဂျပန်များက အပေါ်မှ တက်နင်းထား၏။

သတိမေ့လောက်သောအခါမှ ဆယ်ယူ၍ ကမ်းပေါ်ဆွဲတင်ကြ၏။

ပြီးလျှင် ဂျပန်များသည် ချွေးတပ်သား၏ ရင်ဘတ်ပေါ်၌ ခြေစုံရပ်ကာ အဆက်မပြတ် ခုန်လေ၏။

သတိလည်လျှင် ရေသို့ပြန်ချ၍ ခေါင်းနှစ်ပြန်၏။

ထိုသို့ အကြိမ်များစွာ အားပါးတရ နှိပ်စက်ကလူပြုကြလေ၏။

လွန်စွာဆိုးရွားလွန်း၍ ကမ်းကုန်အောင် ရက်စက်ပြုခြင်းပ

တစ်ခုသော ညဦးပိုင်း၌ ကိုကိုကြီးတို့မှာ တစ်နေ့တာ ပင်ပန်းမှုအတွက် အိပ်စက်အနားယူရန် ပြင်ကြ၏။

ထိုအခိုက်မှာပင် သေနတ်ကိုင် ဂျပန်နှစ်ဦးသည် ချွေးတပ်သားတစ်ဦးအား ရိုက်နှက်ကန်ကျောက်လျက် တန်းလျားအတွင်း ဝင်လာ၏။



ဂျပန်များ ဝင်လာသည်ကိုမြင်လျှင် ချွေးတပ်သားအားလုံး သတိအနေအထားဖြင့် ဆတ်ခနဲ ထထိုင်လိုက်ကြ၏။

ဂျပန်များသည် ထိုချွေးတပ်သားအား "ခူးရား ဘာကာကိုး" ဟု ဆဲဆိုလျက် ထိုးကြိတ်ရိုက်နှက်ကြ၏။

ပြီးလျှင် ချွေးတပ်သားအား ရင်ဝကိုဆောင့်ကန်ကာ ပြန်သည်ထွက်ခွာသွားကြလေ၏။

ချွေးတပ်သားခမျာ မြေ၌လူးလိမ့်လျက် မျက်နှာ၌ သွေးများ သိုစီးလျက်ရှိ၏။

ထိုသူမှာ ကိုကိုကြီးတို့အဖွဲ့တွင် ပါဝင်သည့် ကိုမြမောင်ဆိုသူ ဖြစ်၏။

ဂျပန်များထွက်သွားလျှင် ချွေးတပ်သားများသည် ကိုမြမောင်အား ပြေးဝေ့၍ ဝိုင်းဝန်းမေးမြန်းကြ၏။

ကိုမြမောင်မှာ ငိုသံကြီးဖြင့် ...

"ညနေက ထမင်းချက်ခေါင်းကြီး စမ်းချောင်းထဲကို ထမင်းတွေ သွန်ပစ်တာတွေ့တယ်၊ ခုနက အပေါ်ထသွားရင်း ဗိုက်ဆာလို့ ချောင်းစပ်က ထမင်းချိုးတွေ ကောက်စားတုန်း ဂျပန်တွေရောက်လာ ရိုက်နှက်တာပါပဲဗျာ၊ ခင်ဗျားတို့ စဉ်းစားကြည့်ပါဗျာ ... သွန်ပစ်

www.burmeseclassic.com



ထားတဲ့ ထမင်းချိုးစားမိတာ ကျုပ်မှာအပြစ်ရှိသလား . . . ၊

ထမင်းစားချိန်ဆိုလည်း အရသာမရှိတဲ့ ရေလုံပြုတ်ကို မ၀ မလင် စားရတယ်၊ လွှင့်ပစ်ထားတဲ့ ထမင်းချိုးကောက်စားမိတော့ လည်း သေမတတ် ရိုက်နှက်တယ်၊ ကျုပ်တို့အဖြစ်က ကိုယ့်အသား ကိုယ်လှီးပြီး စားရသလို ဖြစ်နေပြီ၊ ရင်နာဖို့ ကောင်းလိုက်တာဗျာ''

ဟု မချိတင်ကဲ ရေရွတ်၏။

''တောက် . . . ဒါ သက်သက်လူပါး၀တာဗျ၊ လူသားချင်း စာနာစိတ်မရှိတဲ့ တိရစ္ဆာန်ကောင်တွေ၊ ခံပြင်းဖို့ ကောင်းလိုက်တာဗျာ''

ကိုကိုကြီး၏ ကြုံး၀ါးသံမဆုံးခင်ပင် ဘွန်ထိုက်ချိုဝင်းမောင် သည် ဒေါသတကြီး ပြေးလာ၏။

ကိုကိုကြီးအား ကုပ်မှဆွဲကိုင်ကာ မျက်နှာအား လက်သီးဖြ ထိုးနှက်ရင်း . . .

''ခံပြင်းချင်ဦးကွ၊ နောက်တစ်ခါ မာစတာတွေကို မကောင်း ပြောရင် မင်းကို အရေခွံဆုတ်ပစ်မယ် . . . ဘာမှတ်သလဲ''

ဟု ကြုံး၀ါးကာ ဆောင့်တွန်းလိုက်၏။

ကိုကိုကြီးမှာ နှုတ်ခမ်းမှ သွေးယိုစီးလျက် တန်းလျားထော ၌ ပုံလဲကျသွား၏။

''အားလုံးသိအောင် မှာထားမယ် . . . ထမင်းချိုးစားတာကို ာစတာတွေ လုံး၀မကြိုက်ဘူး။ ထမင်းချိုးစားခြင်းဟာ ကျန်းမာရေးနဲ့ သိညွတ်ဘူးလို့ မာစတာတွေ သတ်မှတ်ထားတယ်၊ မင်းတို့အားလုံး ြမောင်ကို နမူနာကြည့်ထားကြ၊ နောက်ပြီး ငါ့ရှေ့မှာရော နောက် ွယ်မှာပါ မာစတာကြီးတွေ မကောင်းကြောင်း ပြောဖို့စိတ်မကူးနဲ့၊ ြာသံကြားလို့ကတော့ မင်းတို့ကို ကြိုးတုပ်ပြီး အပြစ်ပေးခိုင်းမယ်၊ ြား:ကြသလား''

ဘွန်ထိုက်ချိုဝင်းမောင်သည် ထိုသို့ သခင်အားရ ကျွန်ပါး၀ ည့် စကားပြောပြီးနောက် ခြေလှမ်းကျဲကြီးဖြင့် ထွက်သွား၏။

ကိုကိုကြီးသည် နာကြည်းခံပြင်းစိတ်နှင့်အတူ တောက်တစ် တ်ကို ပြင်းစွာခေါက်၍ လဲနေရာမှ ကုန်းထလိုက်လေ၏။

*



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"ရေနံဆီမဟုတ်ဘူးကွဲ၊ အထဲမှာ အရက်တွေပါတယ်၊ ရက်ရောင်းတာကို ဂျပန်တွေ မကြိုက်ဘူး၊ ဒါကြောင့် ရေနံဆီပုံး ဖွက်ပြီးယူလာတာ"

"တိုးတိုးပြောစမ်းပါ မောင်ရင်ရယ်၊ ဂျပန်တွေကြားလို့ က ကြိုးတုပ်ခံနေရပါဦးမယ်၊ အရက်လိုချင်ရင် ထည့်စရာယူခဲ့၊ သေ ဝှက်ပြီး ယူခဲ့နော်၊ ဂျပန်တွေတွေ့သွားရင် မောင်ရင်မလွယ်ဘူး၊ က လည်း အိမ်ပြန်ရမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မွန်ဈေးသည်များမှာ ချွေးတပ်စခန်းများ၌ ရောင်းချရ အတွက် ဂျပန်စစ်ဘက်အာဏာပိုင်များထံ ခွင့်တောင်းရ၏။

ဂျပန်စစ်ဘက်အာဏာပိုင်ထံမှ ခွင့်ပြုကြောင်းလက်မှတ် ပါမှ တောတွင်းစခန်းသို့ လာရောက်ရောင်းချရခြင်းဖြစ်၏။

ထိုဈေးသည်လှည်းများသည် ကျိုက္ခမီ၊ မုဒုံ၊ မော်လမြိုင် သံဖြူဇရပ် စသည့်ဒေသများမှ ခရီးကြမ်းအား ကျော်ဖြတ်၍ ရော လာကြခြင်းဖြစ်၏။

၎င်းတို့သည် လှည်းငါးစီး၊ ခြောက်စီးလျှင် တစ်ဖွဲ့ဖွဲ့၍ လာ ရောက်ရောင်းချခြင်း ဖြစ်သလို လှည်းများ၌ မိန်းမများမပါပေ။

ဂျပန်များသည် ၎င်းတို့ စိတ်အခန့်မသင့်လျှင် မွန်ဈေးသည် များအား ရိုက်နှက်ကန်ကျောက်ခြင်းများ ပြုတတ်၏။

လှည်းပေါ်ရှိ အရက်၊ ဆေးလိပ်နှင့် စားသောက်ဖွယ်များအ လုယက်ယူငင်ခြင်း ပြုတတ်ကြ၏။

ဂျပန်များသည် ဈေးသည်လှည်းများအား အရက်ရောင်း ခြင်းကို တားမြစ်ထား၏။





သို့သော် ဈေးသည်များမှာ အရက်အား ရေနံ့ဆီသံပုံးများ၌ ည့်၍ လျှို့ဝှက် သယ်လာတတ်၏။

ချွေးတပ်သားများသည် ဝတ်သမျှ အဝတ်ချရန်အတွက် ဈေး ည်းများရှိ ပဲကြီးကြော်၊ ကြံသကာ၊ ကွမ်းသီးဖတ်ဆေးလိပ်တို့ ား အလုအယက် ဝယ်ခြမ်းကြ၏။

ကိုကိုကြီးသည် သရေစာမုန့်များနှင့် ဆေးလိပ်အား ဝယ် ်းရင်း လှည်းပေါ်ရှိ ရေနံ့ဆီပုံးအား လက်ညှိုးထိုးလျက် …

"ဦးကြီး … ရေနံ့ဆီလည်း ရောင်းတာပဲလားဗျ၊ ကျုပ်ကို ည်းနည်းလောက် ရောင်းစမ်းပါ"

ဟု ပြောလိုက်၏။

မွန်အဘိုးကြီးမှာ ၎င်း၏စကားကြောင့် ပတ်ဝန်းကျင်အား ်လုံးဝေ့ကြည့်၍ လေသံမှုဖြင့် …

"ရေနံ့ဆီမဟုတ်ဘူးကွဲ့၊ အထဲမှာ အရက်တွေပါတယ်၊ ရက်ရောင်းတာကို ဂျပန်တွေ မကြိုက်ဘူး၊ ဒါကြောင့် ရေနံ့ဆီပုံး ဖွက်ပြီးယူလာတာ"

ဟု မွန်သံဝဲဝဲဖြင့် ပြောလျှင် ကိုကိုကြီးမှာ မျက်နှာဝင်းပသွား …



www.burmeseclassic.com

www.burmeseclassic.com



"အရက်ပါရင် ဟန်ကျတာပဲ ဦးကြီးရေ ကျုပ်တို့မှာ နေထိ
မကောင်းဖြစ်ရင်တောင် ဆေးဝါးရယ်လို့ ရတာမဟုတ်ဘူး၊ ဆေးဖြ
ဝါးဖြစ်အနေနဲ့ အရက်ဆောင်ထားရမယ်၊ ကျုပ်ကို အရက်တစ်ပုလ
လောက် ရောင်းစမ်းပါဗျာ"

ဟု ဆိုလိုက်၏။

"တိုးတိုးပြောစမ်းပါ မောင်ရင်ရယ်၊ ဂျပန်တွေကြားလို့ ကျ
ကြိုးတုပ်ခံနေရပါဦးမယ်၊ အရက်လိုချင်ရင် ထည့်စရာယူခဲ့၊ သေ
ဝှက်ပြီး ယူခဲ့နော်၊ ဂျပန်တွေတွေ့သွားရင် မောင်ရင်မလွယ်ဘူး၊ ကျ
လည်း အိမ်ပြန်ရမှာ မဟုတ်ဘူး"

မှန်အဘိုးအို၏စကားကြောင့် ကိုကိုကြီးမှာ များစွာ ကြံရေ
သွားလေ၏။

ထိုအခိုက်မှာပင် ဂျပန်များရောက်ရှိလာသဖြင့် ကိုကိုကြီး
ငွေရှင်း၍ ထွက်ခဲ့ရ၏။

တဲလိုင်းသို့ရောက်လျှင် ဘိုးချစ်မြိုင်အား အရက်ဝယ်ချင်သ
အကြောင်း ပြောပြမိ၏။

"မခက်ပါဘူးကွ၊ ဝါးဆစ်ဘူးနဲ့ ထည့်ရင် ဖြစ်တာပဲ၊ ဆေ
ကျုပ် ဝါးဆစ်ရှာပြီး လုပ်ပေးမယ်ကွ"



ဘိုးချစ်မြိုင်၏စကားဆုံးလျှင် ကိုကိုကြီးသည် ကွမ်းသီးဖတ် ဆေးလိပ်အား ကမ်းပေးလိုက်၏။

ဘိုးချစ်မြိုင်မှာ ဆေးလိပ်အား အငမ်းမရ ဖွာရှိုက်ရင်း ...

"ကောင်းလိုက်တာကွာ ... တစ်သက်လုံး ကွမ်းသီးဖတ် ဆေးလိပ် သောက်ဖူးပေမယ့် အခုသောက်ရတဲ့ဆေးလိပ်က အရသာ အရှိဆုံးပဲဟေ့၊ ငတ်နေလို့ပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်လေ၏။

❋

www.burmeseclassic.com

## ချွေးတပ်သားများ ထွက်ပြေးခြင်း

နောက်တစ်နေ့ အလုပ်ပြီးချိန်၌ ကိုကိုကြီးသည် ဝါးဆစ်ဘူးအား လျှို့ဝှက်ယူဆောင်၍ စျေးလှည်းထံလျှောက်သွား၏။

စျေးသည် မွန်အဘိုးကြီးသည် ဝါးဆစ်ဘူးထဲသို့ အရက်များငှဲ့ထည့်ပေး၏။

ကိုကိုကြီးမှာ ကွမ်းသီးဖက်ဆေးလိပ်အား ဖွာရှိုက်လျက် သကာတစ်ခဲ ကောက်ယူကာ ကိုက်စားလိုက်၏။

ထိုအခိုက်မှာပင် သုံ့ပန်းတစ်ဦးသည် စျေးလှည်းအနီးသို့ မယောင်မလည်အမူအရာဖြင့် ရောက်လာ၏။

မွန်အဘိုးကြီးအား ကွမ်းသီးဖက်ဆေးလိပ်ကို လက်ညှိုးထိုး





တောင်းယူလေ၏။

မွန်အဘိုးကြီးမှာ မျက်နှာအကြီးအကျယ်ပျက်လျက် သုံ့ပန်းအား မောင်းနှင်ထုတ်၏။

ကိုကိုကြီးသည် ထိုအဖြစ်ကိုကြည့်၍ စိတ်မကောင်းဖြစ်သွားရ၏။

ထို့ကြောင့် ဆေးလိပ်တစ်လိပ်ကို သုံ့ပန်းအား လှမ်းပေးလိုက်၏။

မွန်အဘိုးကြီးသည် ကိုကိုကြီး၏လက်မှ ဆေးလိပ်အား အလျင်အမြန်ပင် ဆွဲယူလိုက်၏။

ထိုစဉ် စခန်းဘက်မှ ဂျပန်နှစ်ယောက် လျှောက်လာ၏။

သုံ့ပန်းမှာ ဂျပန်များကိုမြင်လျှင် အထိတ်တလန့်ဖြင့် မှောင်ရိပ်ခိုကာ ပြေးလေ၏။

"ဦးကြီးက လူအချင်းချင်း စာနာစိတ်မရှိဘူး၊ ဟိုလူ သနားပါတယ်ဗျာ၊ ခမျာ ဆေးလိပ် သိပ်သောက်ချင်နေတာ"

ကိုကိုကြီး၏စကားကြောင့် မွန်အဘိုးကြီးသည် သက်ပြင်းချလိုက်လျက် ...

"ချွေးတပ်စခန်းတွေမှာ အန္တရာယ်အကြီးဆုံးက မျက်နှာဖြူ



www.burmeseclassic.com

www.burmeseclassic.com



စစ်သုံ့ပန်းတွေပဲ၊ ဂျပန်တွေက သူတို့ကို ဘာမှ မရောင်းရဘူးလို့ အမိန့်ထုတ်ထားတယ်၊ တစ်ခါက ကျုပ်သူငယ်ချင်းတစ်ယောက်ဟာ သုံ့ပန်းဆီက ဘောင်းဘီနဲ့ စားစရာလဲမိလို့ ကြိုးတုပ်အပြစ်ပေးခံခဲ့ရတယ်၊ သူ့ရဲ့လှည်းကိုတောင် ကျုပ်တို့ပဲ ပြန်ယူသွားပေးရတယ်၊ ဒါ့ကြောင့် မျက်နှာဖြူစစ်သုံ့ပန်းတွေကို ဘာစားစရာပစ္စည်းမှ မပေးတော့ဘူး၊ သူတို့ကို သနားရင် ကျုပ်အသက်ပေးရလိမ့်မယ်၊ ဒါကို မောင်ရင် သိရဲ့လား''

ဟု ပြောရာ ကိုကိုကြီးမှာ မျက်မှောင်ကြုတ်၍ ...

''ဒါဆို ကြိုးတုပ်အပြစ်ပေးခံရတဲ့ ဦးကြီးရဲ့ သူငယ်ချင်း ဘာဖြစ်သွားလဲ''

ဟု မေးမိ၏။

အဘိုးအိုသည် မျက်နှာမသာမယာဖြင့် ခေါင်းခါယမ်းလျက် ...

''ဂျပန်တွေရဲ့ ကြိုးတုပ်အပြစ်ပေးခြင်းခံရရင် ဆယ်ယောက်မှာ တစ်ယောက် အသက်ရှင်ဖို့ မလွယ်ဘူး၊ ကျုပ်သူငယ်ချင်းလည်း သေဖို့ကလွဲရင် တခြား ဘာမှ မဖြစ်နိုင်ပါဘူး''

ဟု စိတ်မကောင်းစွာ ဆိုလေ၏။





ထိုအခိုက်မှာပင် ဟန်ချွိအေးချွိ ရောက်ရှိလာ၏။

ဟန်ချွိအေးချွိမှာ ဘွန်ထိုက်ချွိဝင်းမောင်လောက် စိတ်ထား မဆိုးသဖြင့် ကိုကိုကြီးတို့အားလုံး ခင်မင်သူဖြစ်၏။

''ကိုအေးချွိ ... ကုလားပဲကြော်လေး စားပါဦးဗျ၊ ဆေးလိပ် လည်း သောက်ပါ၊ ကျုပ် ဝယ်ကျွေးပါ့မယ်''

ကိုကိုကြီး၏စကားကြောင့် ဟန်ချွိအေးချွိက ...

''တော်ပါပြီဗျာ၊ ကျုပ်တို့က ဝါဒဖြန့်ချိရေးမှူးဆီကနေ ကူးဝါး စီးကရက် ရတယ်ဗျ၊ ခင်ဗျားတို့က ဘာမှရမှာ မဟုတ်ဘူး''

ဟု ပြောမဆုံးခင်မှာပင် အချက်ပေးခရာမှုတ်သံများ ညံစီ သွား၏။

ထိုခရာမှုတ်သံမှာ စခန်းအတွင်း အရေးပေါ်အချက်ပေးသံပင် ဖြစ်၏။

ကိုကိုကြီးနှင့် ဟန်ချွိအေးချွိမှာ အထိတ်တလန့်ဖြင့် စခန်း တွင်းသို့ ပြေးဝင်ခဲ့ကြ၏။

စခန်းတစ်ခုလုံး လက်နက်ကိုင်ဂျပန်များသည် အော်ဟစ် လျက် ခြေချင်းလိမ်လျက်ရှိ၏။

ကိုကိုကြီးတို့ တဲတန်းလျားသို့ရောက်လျှင် ရွှေးတပ်သားများ



www.burmeseclassic.com

www.burmeseclassic.com



မှာ တန်းစီရပ်နေကြောင်း တွေ့ရ၏။

ကိုကိုကြီးသည် အလျှင်အမြန်ပင် ဘိုးချစ်မြိုင်၏ဘေး၌ ဝင်ရပ်လိုက်၏။

"ဘာဖြစ်တာလဲ ဘိုးလေးချစ် ... ဂျပန်တွေကြည့်ရတာ အသည်းအသန်ပါလား"

ကိုကိုကြီး၏အမေးကြောင့် ဘိုးချစ်မြိုင်က ...

"ချေးတပ်သားနှစ်ယောက် ထွက်ပြေးလို့တဲ့၊ သရက်ခရိုင်ထဲ ကကွ၊ သရက်ခရိုင် ဘွန်ထိုက်ချုပ်တော့ ဘဝပျက်တော့မယ်"

ဟု လေသံတိုးတိုးဖြင့် ပြန်ပြော၏။

ထောင်ကျော်မျှရှိသော ချေးတပ်သားများမှာ သူ့အစုနှင့်သူ စီတန်းရပ်နေကြ၏။

အဖွဲ့အသီးသီးအား တာဝန်ယူထားရသည့် ဝါဒဖြန့်ချိရေးမှူး ဘွန်ထိုက်ချုပ်၊ ဟန်ချုပ်တို့မှာ တုတ်တုတ်မျှ မလှုပ်ရဲကြ။

ထိုအခိုက်မှာပင် ရိုင်ဖယ်သေနတ်နှင့် ဂျပန်နှစ်ဦးသည် စကားပြန်လူငယ်နှင့်အတူ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာကြ၏။

သရက်ခရိုင် ဘွန်ထိုက်ချုပ်ရှေ့သို့ ရောက်လျှင် ဂျပန်တစ်ဦးသည် ဘွန်စိုက်ချုပ်၏ရင်ဝအား အားကုန်ဆောင့်ကန်လိုက်၏။





ဘွန်ထိုက်ချုပ်မှာ အထိတ်တလန့်ဖြင့် မြေပေါ်ဒူးထောက်ထိုင်ချလိုက်၏။

ဂျပန်နှစ်ဦး၏ လက်ဝါးစောင်းသည် ထိုလူ့ပေါ်သို့ တဖြောင်းဖြောင်း ကျရောက်သွား၏။

စကားပြန်လူငယ်သည် ထိုလူရှေ့ ခါးထောက်ရပ်လျက် ..

"မင်းအဖွဲ့က လူနှစ်ယောက် ဘယ်ရောက်သွားသလဲ၊ မင်းသိကိုသိရမယ် ... ပြောစမ်း"

ဟု ဒေါသတကြီး အော်ဟစ်လိုက်၏။

ဘွန်ထိုက်ချုပ်လူကြီးမှာ ပါးစောင်မှ သွေးများ ယိုစီးလျက် တုန်ယင်သောအသံဖြင့် ...

"ကျုပ် ... ကျုပ် မသိရိုးအမှန်ပါ၊ လူစစ်ချိန်တုန်းက ရှိပါသေးတယ်၊ ဘယ် ဘယ်လိုလုပ်ပြီး ..."

ဟု စကားမဆုံးမီပင် ဂျပန်တစ်ဦးသည် ...

"မသိတကာ့၊ ခူးရား ခူးရား အာကာရိုး"

ဟု ဆဲရေးလျက် သေနတ်ဒင်ဖြင့် ထုချလိုက်၏။

သရက်ခရိုင် ဘွန်ထိုက်ချုပ်ကြီးမှာ အသံမျှပင် မထွက်နိုင်ရှာဘဲ မြေပေါ် ပြိုလဲကျသွားရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘွန်ထိုက်ချို၏အဖြစ်ကိုကြည့်လျက် သရက်ခရိုင်ဟန်ချိုမှာ မျက်နှာ အကြီးအကျယ် ပျက်လျက်ရှိချေ၏။

ဂျပန်တစ်ဦးသည် စကားပြန်လူငယ်အား စကားပြောပြီးနောက် စကားပြန်က . . .

"ထွက်ပြေးတဲ့လူနှစ်ယောက်ကို တွေ့အောင်ရှာပါ၊ သူတို့ကို မတွေ့မချင်း မင်း ထမင်းစားခွင့်မရှိဘူး၊ ပြန်မတွေ့ရင် ကြိုးတုပ်အပြစ်ပေးခံရမယ်"

ဟု ဟန်ချိုအား ပြောလိုက်၏။

ဟန်ချိုမှာ ခေါင်းကို အလျင်အမြန်ညိတ်၍ . . .

"ဟိုက် မာစတာ ဟိုက်"

ဟု အသံပြုလိုက်၏။

ထို့နောက်တွင်မူ ဂျပန်နှစ်ဦးသည် မေ့မြောနေသည့် ဘွန်ထိုက်ချိုအား လက်မှ ကြိုးတုပ်ကာ တရွတ်ဆွဲခေါ်သွား၏။

❋



"တောက် . . . အဓိပ္ပာယ်မရှိလိုက်တာဗျာ၊ သရက်ဘွန်ထိုက်ချို သနားပါတယ်၊ ဟို ခွေးသားစကားပြန်ကလည်း ရိုင်းလိုက်တာ ကမ်းကုန်ပဲ၊ တကယ်ဆို သရက်ဘွန်ထိုက်ချိုက သူ့ဖအေအရွယ်ရှိတဲ့ဟာ၊ မြင်ရ ကြားရတာ ရင်ထဲမှာ ဘယ်လိုမှ ခံစားလို့မရဘူး"

ကိုကိုကြီး၏ မကျေမနပ် ကြိုးဝါးမှုကြောင့် ချစ်ဖေသည် အစ်ဖက်သို့ စောင်းအိပ်နေရာမှ . . .

"ခံစားလို့မရလည်း ကျုပ်တို့ ဘာမှ လုပ်ပေးလို့မရဘူး၊ ကျုပ်တို့အားလုံး ငရဲထက်ဆိုးတဲ့နေရာ ရောက်နေပြီ၊ ဒီဝဋ်က သေမှ ကျွတ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းညူလိုက်၏။

ထိုအခိုက်မှာပင် ငယ်သံပါအောင် အော်ဟစ်လိုက်သည့် အသံနက်ကြီးကို ကြားလိုက်ရ၏။

ကိုကိုကြီးတို့သည် ထရံမှတစ်ဆင့် ချောင်းမြောင်းကြည့်ရှုကြရာ မီးတုတ်ကိုင် ဂျပန်တပ်သားများနှင့် တရွတ်ဆွဲပါလာသည့် လူနှစ်ယောက်ကို တွေ့ရလေ၏။

ဘိုးချစ်မြိုင်သည် ချောင်းမြောင်းကြည့်နေရာမှ စိတ်မသက်သာဟန်ဖြင့် ...

"အငတ်ငတ်အပြတ်ပြတ်နဲ့ အားအင်ချည့်နဲ့နေတဲ့ ချွေးတပ်သားတွေဟာ ဆီဦးထောပတ်စားတဲ့ ဂျပန်တွေရဲ့လက်က ဘယ်တော့မှ လွတ်မြောက်မှာ မဟုတ်ဘူး၊ သူတို့နှစ်ယောက်ရဲ့ မနက်ဖြန်ဟာ မျက်နှာသစ်ခွင့်တောင် ရနိုင်ပါ့မလား"

ဟု ရေရွတ်လိုက်၏။

ထိုနေ့ညက ကိုကိုကြီးတို့သုံးဦးမှာ အတွေးကိုယ်စီဖြင့် အိပ်စက် မပျော်နိုင်အောင် ရှိလေ၏။

သန်းခေါင်ချိန်အရောက်တွင် နှစ်ချက်ဆင့်၍ ထွက်ပေါ်လာသော သေနတ်သံကို ကြားလိုက်ရ၏။





သေနတ်သံကြောင့် ချွေးတပ်သားများ လန့်နိုးကုန်သလို ကိုကိုကြီးတို့သည်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

ဘွန်ထိုက်ချိုဝင်းမောင်သည် နံရံအား ဝါးရင်းတုတ်ဖြင့် တဘုန်းဘုန်းရိုက်၍ ပြန်အိပ်ရန် အချက်ပေး၏။

ကိုကိုကြီးမှာ ဘယ်ညာလူးလိမ့်ရင်း မိုးစင်စင်လင်းခဲ့ရလေ၏။

နံနက်သို့ရောက်လျှင် အလုပ်ရုံ၌ ပစ္စည်းများထုတ်ယူ၍ လုပ်ငန်းခွင်သို့ ဝင်ကြရလေ၏။

မြေသယ်ခြင်း၊ ကျောက်ထုခြင်း၊ သံလမ်း ဇလီဖာတုံးများ ခင်းခြင်းစသော အလုပ်များကို ချွေးတပ်သားများသည် အစုလိုက် တာဝန်ခွဲ၍ လုပ်ကိုင်ရ၏။

ကိုကိုကြီးနှင့် ဘိုးချစ်မြိုင်တို့မှာ ကျောက်ထုရာ၌ ကျသူများ ဖြစ်၏။

၎င်းတို့ အလုပ်လုပ်နေချိန် "အား" ခနဲ အော်ဟစ်သံကြီးအား ကြားလိုက်ရ၏။

"ဟာ ... ချွေးတပ်သားတစ်ယောက် ကျောက်တုံးပိနေပြီ"

ဘိုးချစ်မြိုင်သည် နှုတ်မှ အထိတ်တလန့် ရေရွတ်ရင်း ထိုနေရာသို့ပြေးရန် ပြင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်ဂျပန်တပ်သားတစ်ယောက်သည် ဘိုးချစ်မြိုင်ကို ဘုန်းခနဲ ကန်ထည့်ရင်း အလုပ်ဆက်လုပ်ရန် အချက်ပြလိုက်၏။

ဘိုးချစ်မြိုင်မှာ လဲနေရာမှ ကုန်းထ၍ အလုပ်ဆက်လုပ် တော့၏။

ကိုကိုကြီးသည် ထိုအဖြစ်ကို ကြည့်လျက် ...

"တောက် ... ရိုင်းလိုက်တဲ့ကောင်တွေ၊ လူသားချင်း စာနာ စိတ်မရှိဘူး"

ဟု စိတ်တွင်းမှ ရေရွတ်မိလေ၏။

ကျောက်တုံးဖိခံရသူမှာ သွေးအိုင်ထဲလဲလျက် နာကျင်လွန်း သဖြင့် ညည်းညူနေရှာ၏။

ဂျပန်ဗိုလ်တစ်ဦးသည် သွေးအိုင်ထဲလဲနေသော လူအနီး ပြေးလာပြီး ခြေဖြင့်ကန်ကျောက်လိုက်၏။

ထိုဂျပန်ဗိုလ်သည် နှုတ်မှ အမျိုးမျိုး ဆဲရေးတိုင်းထွာ လူနာအား မရပ်မနား ရိုက်နှက်လေ၏။

လူနာခမျာ တုတ်တုတ်မျှပင် မလှုပ်ရှားနိုင်တော့။

ထိုအခါမှ တပ်သားနှစ်ယောက်သည် လူနာအား တရွတ် ၍ ခေါ်ဆောင်သွားလေတော့၏။

ရွှေမင်းသမီးစာပေ



ထိုအဖြစ်ကိုကြည့်၍ ဘိုးချစ်မြိုင်မှာ မျက်ရည်အား ရစ်ဝဲနေ ၏။

ကိုကိုကြီးသည်ကား မေးကြောကြီးများ ထောင်မတတ် အံ ကြိတ်မိ၍ ဒေါသအဟုန်ကြောင့် အသားများပင် ဆတ်ဆတ်တုန် ၏။

*

www.burmeseclassic.com

www.burmeseclassic.com

အိပ်ခါနီးလူစစ်ချိန်၌ ဘွန်ထိုက်ချိုဝင်းမောင် ရောက်ရှိ
ပြီး ...

"မနက်ဖြန်မှာ ချွေးတပ်သားတစ်ဖွဲ့လုံး ဘုရားသုံးဆူစခန်း
ပြောင်းရမယ်၊ ခုကတည်းက အားလုံးအသင့်ပြင်ထားကြ"

ဟု ပြောဆိုကာ ပြန်ထွက်သွား၏။

၎င်း၏စကားကြောင့် တန်းလျားရှိ ချွေးတပ်သားမျာ
အကြီးအကျယ် စိတ်ဓာတ်ကျသွားကြ၏။

ဘိုးချစ်မြိုင်က သက်ပြင်းချလျက် ...

"တို့တွေရဲ့အဖြစ်က ငရဲကြီးရှစ်ထပ်ကို တစ်ထပ်ချင်း





ရသူတွေလိုပဲ၊ နောက်ထပ် ရောက်မယ့်နေရာဟာ ဘယ်လောက်ထိ
ရွားမလဲ မဆိုနိုင်ဘူးကွ"

ဟု ညည်းတွားလိုက်လေ၏။

ချစ်ဖေသည် ကိုကိုကြီး၏ အနားတိုးကပ်လျက် ...

"ကျုပ်တို့ ဒီစခန်းကနေ ပြေးကြမယ်ဗျာ"

ဟု လေသံဖြင့် ပြောလိုက်၏။

ကိုကိုကြီးမှာ ချစ်ဖေ၏စကားကြောင့် တွေခနဲဖြစ်သွားပြီး

"ပြေးဖို့ဆိုတာ မလွယ်ဘူး ကိုချစ်ဖေ၊ တော်ကြာ ဒင်းတို့
က်က မလွတ်ဘဲ တောထဲမှာ မြေမြှုပ်ခံလိုက်ရမယ်"

ဟု တွေးတွေးဆဆ ပြန်ဖြေလိုက်၏။

ကိုကိုကြီး၏စကားကြောင့် ချစ်ဖေ၏မျက်နှာ၌ အလိုမကျ
န်များ အထင်းသား ပေါ်သွားလေ၏။

သို့သော် ချစ်ဖေသည် မည်သို့မျှမပြောတော့ဘဲ တစ်ဖက်သို့
ည့်၍ အိပ်စက်လိုက်၏။

ကိုကိုကြီးတစ်ယောက် အတွေးနယ်ချဲ့လျက် မှေးခနဲ အိပ်
ပျော်သွားချိန်၌ ...

'ဒိုင်း ဒိုင်း ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com



သုံးချက်ဆင့် ထွက်ပေါ်လာသည့် သေနတ်သံကြော
တန်းလျားရှိ ခွေးတပ်သားအားလုံး ဆတ်ခနဲ ခေါင်းထောင်သွားရ
ကိုကိုကြီးသည် ထရံပေါက်မှ မောင်ကြီးမည်းမည်းထဲသ
လှမ်းကြည့်လျက် ...

"အင်း ... ဘယ်သူများ အပြစ်လုပ်လို့ အသတ်ခံရသလ
မသိဘူးဗျား၊ ကျုပ်တို့ဘဝတွေကလည်း ကြိုးတိုက်ထဲ အပိတ်ခံရ
တစ်ယောက်ချင်း ကြိုးစင်တက်နေရသလိုပဲ ... တောက်"

ဟု မချိုတင်ကဲ ကြုံးဝါးလိုက်၏။

"အချိန်မတော်ကြီး အသတ်ခံရတာဆိုတော့ တော်ရုံအပြ
တော့ မဟုတ်နိုင်ဘူး မောင်ရင်ရဲ့၊ ဒါဟာ စခန်းကနေ ထွက်ပြေး
ပဲ ဖြစ်ရမယ်"

ဘိုးချစ်မြိုင်၏စကားဆုံးလျှင် ဂျပန်တပ်သားတချို့ ရောက်
လာကာ ဟန်ချိုအေးချိုအား ခေါ်ဆောင်သွား၏။

ဟန်ချိုအေးချို ထွက်သွားသောအခါ ကိုကိုကြီးသည် အိပ်ရ
မှ ထထိုင်ရင်း ...

"ကိုဘဖေတစ်ယောက် သေနတ်သံကြားတာတောင် မနိုး
ဘူး၊ ဒီလူ ဘယ်လိုဖြစ်တာလဲ"





ဟု ရေရွတ်ကာ အမှောင်ထဲ လက်စမ်းကြည့်လိုက်လေ၏။

"ဘိုး ဘိုးလေးချစ် ... ကိုဘဖေ မရှိဘူးဗျ"

ကိုကိုကြီး၏ အထိတ်တလန့်ရေရွတ်သံကြောင့် ဘိုးချစ်မြိုင်
တာ ခေါင်းထောင်လာပြီး ...

"မရှိဆို အပေါ့အလေးများသွားသလားမှ မသိဘဲ မောင်ရင်
ရဲ့၊ ဒီလုံးလေးရော"

ဟု မေးလိုက်လျှင် ဒီလုံးထံမှ ...

"ကျွန်တော် ရှိပါတယ် အဘိုး၊ ဦးလေးဖေက အိပ်ရာက
သွားတာ ကြာလှပြီ"

ဟု ပြန်ဖြေလေ၏။

ဒီလုံး၏စကားကြောင့် ကိုကိုကြီးသည် ရင်ထဲ ထိတ်ခနဲ
ဖြစ်သွားရ၏။

ထိုအခိုက်မှာပင် ဂျပန်တို့၏ အုပ်စုလိုက်ချီတက်လာသော
င်းဘတ်ဖိနပ်သံများကို ကြားရလေ၏။

"ဂျပန်ကောင်တွေ တို့ဘက်ကိုလာနေပြီ ဘာများဖြစ်လို့လဲ
သိဘူးကွ"

ဘိုးချစ်မြိုင်၏စကားအဆုံးတွင် မီးအိမ်ကိုင်ဂျပန်များ တန်း



www.burmeseclassic.com

www.burmeseclassic.com



လျှားတွင်းသို့ ဝင်ရောက်လာသဖြင့် တန်းလျားတစ်ခုလုံး လင်းထိန်သွားလေ၏။

ဂျပန်များသည် လက်ပြန်ကြိုးတုပ်ထားသည့်လူတစ်ယောက်အား တန်းလျားအတွင်းသို့ ဆောင့်တွန်းလိုက်၏။

ချွေးတပ်သားများမှာ ကြိုးတုပ်ခံရသည့် လူကိုကြည့်လျက် အကြီးအကျယ် အံ့အားသင့်သွားကြ၏။

ကြိုးတုပ်ခံရသူမှာ ဟန်ချိုအေးချိုပင် ဖြစ်၏။

၎င်း၏ မျက်နှာတစ်ခုလုံး ဖူးရောင်လျက် နှုတ်ခမ်းမှ သွေးများယိုစီးနေ၏။

ဂျပန်တပ်သားတစ်ယောက်သည် အေးချိုအား ကန်ကျောက်၍ တဒိုးဒိုး တခွားခွား အော်ဟစ်နေ၏။

ဟန်ချိုအေးချိုမှာ လဲနေရာမှ အားယူထလျက် ကိုကိုကြီးတို့ရှိရာ ဒယီးဒယိုင်ဖြင့် လျှောက်လာလေ၏။

ကိုကိုကြီးတို့သည် အေးချိုလာသည်ကို မြင်လျှင် နားထင်သွေးများ ဒိန်းခနဲ ဆောင့်သွားကြ၏။

အေးချိုသည် ကိုကိုကြီးတို့နံဘေးရှိ ချစ်ဖေ၏အိပ်ရာကို လက်ညှိုးထိုးပြလိုက်၏။





ထိုအခါ ဂျပန်ဗိုလ်သည် ကိုကိုကြီးတို့ရှိရာ မျက်နှာထားတင်းတင်းဖြင့် လျှောက်လာပြီး ကိုကိုကြီးနှင့် ဘိုးချစ်မြိုင်တို့အား ပါးရိုက်လေ၏။

မထင်မှတ်သောလုပ်ရပ်ကြောင့် ကိုကိုကြီးတို့သည် ရုက်ခေါ်သနင့်အတူ ပါးများ ပူခနဲ ဖြစ်သွားရလေ၏။

စကားပြန်လူငယ်လေးသည် သူတို့ကို လက်ညှိုးငေါက်ငေါက် ထိုးလျက် . . .

"ဘဖေဆိုတဲ့ကောင် ထွက်သွားတာ မင်းတို့ ဘာကြောင့်သတင်းမပို့သလဲ"

ဟု လေသံမာမာဖြင့် မေးမြန်း၏။

"ငါတို့ အိပ်ပျော်နေတယ်၊ ဘဖေထွက်သွားတာ လုံးဝမသိဘူး"

ကိုကိုကြီး၏ ခပ်ပြတ်ပြတ်အဖြေကြောင့် စကားပြန်လူငယ်သည် နီပွန်မာစတာကြီးဘက်လှည့်၍ ဂျပန်ဘာသာဖြင့် စကားပြော၏။

မာစတာကြီးသည် စကားပြန်လူငယ်၏ စကားကိုကြားလျှင် မျက်နှာကြီးနီမြန်းသွား၏။

ထို့နောက် ဟန်ချိုအေးချိုဘက်လှည့်ကာ နှုတ်မှတတွတ်တွတ် ရေရွတ်ရင်း ပါးကို တဖြန်းဖြန်းရိုက်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စကားပြန်လူငယ်က . . .

"ခင်ဗျားတာဝန်ယူထားတဲ့ ခွေးတပ်သားတွေအတွက် ခင်ဗျားမှာ တာဝန်ရှိတယ်၊ နောက်တစ်ခါ ဒါမျိုးထပ်ကြုံရင် ကြိုးတုပ်အပြစ်ပေးခံရမယ်၊ ကြပ်ကြပ်သတိထား"

ဟု ဟန်ချိုအေးချိုကို စကားပြန်၏။

ထို့နောက် ဂျပန်တပ်သားသုံးယောက်သည် ဟန်ချိုအေးချိုအား သေနတ်ဒင်ဖြင့် ထုနှက်ကာ အမဲဖျက်သည့်နှယ် လိမ့်ပိတ်ကန်ကျောက်ကြကုန်၏။

၎င်းတို့ အားရခါမှ တန်းလျားမှ ပြန်လည်ထွက်ခွာသွားကြလေ၏။

ဟန်ချိုအေးချိုခမျာ မသေရုံတမယ် မျောမျောသာ ကျန်တော့ရှာ၏။

ကိုကိုကြီးနှင့် ဘိုးချစ်မြိုင်အပါအဝင် ခွေးတပ်သားများသည် ဟန်ချိုအေးချိုအား ဝိုင်းဝန်းထူမ,ပေးကြ၏။

ကိုကိုကြီးသည် အေးချို၏မျက်နှာမှ သွေးများကို သုတ်ပေးလျက် . . .

"ဒီမယ် ကိုအေးချို . . . ကျုပ်တို့တွေဟာ မြန်မာတွေပါဗျ၊





ခင်ဗျားက ပထွေးဂျပန်တွေရဲ့အရှိန်နဲ့ ကျုပ်တို့ကို အော်ဟစ်ငေါက်ငမ်းခဲ့ပေမယ့် ကျုပ်တို့က ကိုယ့်လူမျိုးအချင်းချင်း ရှိုင်းပင်းတတ်ပါတယ်၊ ကိုဘဖေ ဘယ်လိုဖြစ်သလဲဆိုတာ ကျုပ်တို့ကို ပြောပြစမ်းပါ"

ဟု ပြောလိုက်လေ၏။

အေးချိုမှာ ဝေဒနာကို ကြိတ်မှိတ်ခံရင်း . . .

"ဘ ဘဖေ သေပြီ စခန်းကထွက်ပြေးလို့ ဒင်းတို့ ပစ်သတ်လိုက်ပြီ"

ဟု ပြောလိုက်ရာ ကိုကိုကြီးတို့မှာ စိတ်မကောင်းဖြစ်သွားကြလေ၏။

"ကျုပ် သူ့ကို အတန်တန်တားခဲ့တယ်၊ ဒီလူ သိပ်မိုက်မဲလွန်းတယ်၊ ကိုယ်သေတွင်း ကိုယ်တူးတဲ့လူမျိုးဆိုတာ ဒင်းလိုလူကိုပြောတာ၊ ခုတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ပြီပေါ့"

ကိုကိုကြီး၏ မချိတင်ကဲ ရေရွတ်သံနှင့်အတူ ဘိုးချစ်မြိုင်က

"မောင်ဘဖေရဲ့အလောင်းကို သူတို့ဆီက ပြန်တောင်းရမယ်၊ ကျုပ်တို့အဖွဲ့ထဲက လူတစ်ယောက်ကို ကောင်းကောင်းသင်္ဂြိုဟ်ပေးချင်တယ်၊ မောင်ရင် ကူညီပေးပါ"

ဟု ကြေကွဲဆို့နစ်သံဖြင့် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မ မဖြစ်နိုင်ဘူး၊ မာစတာကြီးတွေဟာ ချွေးတပ်သားတွေကို ဘယ်တော့မှ ကောင်းကောင်းသင်္ဂြိုဟ်ခွင့်မပေးဘူး၊ အပြစ်လုပ်တဲ့လူဆို ပိုဆိုးပါတယ်၊ ဘဖေရဲ့အလောင်းကို ကျုပ် မျက်စိရှေ့မှာတင် ခေါ်သွားကြပြီ"

ဟန်ချိုအေးချို၏စကားကြောင့် ကိုကိုကြီးတို့မှာ စိတ်လှုပ်ရှားသွားပြီး ...

"ဟင် ... ဘဖေရဲ့အလောင်းကို ဘယ်ခေါ်သွားကြတာလဲ ပြောစမ်းပါဗျ"

ဟု မေးလိုက်ရာ အေးချိုက ...

"တောနက်ထဲကို ခေါ်သွားကြပြီ၊ ဘဖေရဲ့အလောင်းကို တောထဲမှာ ဒီအတိုင်းပစ်ထားကြလိမ့်မယ်၊ မကြာခင်မှာ ဘဖေရဲ့ အလောင်းဟာ ကျားစာဖြစ်သွားလိမ့်မယ်"

ဟု ပြောလေ၏။

၎င်း၏စကားကြောင့် ကိုကိုကြီးသည် အံတင်းတင်းကြိတ်လျက် ...

"မိုက်ရိုင်းလိုက်တဲ့ကောင်တွေ၊ လူမဆန်လိုက်တာကွာ၊ လူသေကောင်ကိုတောင် ကျားစာကျွေးပစ်တဲ့ ဒင်းတို့ရဲ့လုပ်ရပ်က ကမ်း





ကုန်နေပြီ၊ ရင်နာဖို့ သိပ်ကောင်းတယ်ဗျာ"

ဟု လက်သီးဆုပ်ရေရွတ်လိုက်၏။

ဘိုးချစ်မြိုင်မှာ ဝေ့ဝဲတက်လာသော မျက်ရည်များကို လက်ခုံဖြင့် သုတ်လျက် ...

"အပြစ်ဆိုးလှချည်လား မောင်ဘဖေရာ၊ မင်းအတွက် တို့တွေ သရဏဂုံတောင် တင်မပေးနိုင်ပါလား၊ ဆုတောင်းပေးရုံကလွဲရင် ဘာမှ မတတ်နိုင်တော့ဘူး၊ ဖြစ်လေရာဘဝ ဒီလိုအပြစ်ဆိုးကြီးနဲ့ မကြုံပါရစေနဲ့ကွာ"

ဟု တုန်ယင်သောအသံဖြင့် ရေရွတ်လိုက်လေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့သို့ရောက်လျှင် သရက်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်ရှိ ချွေးတပ်သားများအား ဘုရားသုံးဆူစခန်းသို့ ရွှေ့ပြောင်းခြင်းခံရလေ၏။

[ဘုရားသုံးဆူဟူသည်မှာ အလောင်းဘုရားလက်ထက် မြန်မာများ ယိုးဒယားသို့စစ်ချီစဉ် မြန်မာတပ်စခန်းချစဉ်၌ ကျောက်တုံးကျောက်ခဲများဖြင့် တည်ခဲ့သော စေတီသုံးဆူသာ ဖြစ်၏။ စာရေးသူ]

ချွေးတပ်သားများသည် စခန်းသို့ရောက်ရောက်ချင်း မီးရထားလမ်းနှင့် မနီးမဝေး၌ တည်ရှိသော ထိုစေတီသုံးဆူသို့ သွားရောက်၍ ဝတ်ပြုကြလေ၏။





ကိုကိုကြီးနှင့်ဘိုးချစ်မြိုင်သည်လည်း တောပန်းများချိုးကာ ဘုရားသုံးဆူသို့ သွားရောက်၍ ပန်းများကပ်လှူကြ၏။

မောင်ဘဖေအား ရည်စူး၍ အမျှပေးဝေကြ၏။

ကိုကိုကြီးသည် ဘုရားရှိခိုးပြီးချိန်၌ ပတ်ဝန်းကျင်အား ငေးမောကြည့်မိလေ၏။

ထိုသို့ ငေးမောရင်း မိမိနေရပ်အား လွမ်းဆွတ်တမ်းတစိတ်များ လိုက်တက်လာလေ၏။

ဘိုးချစ်မြိုင်သည် ကိုကိုကြီး၏ပခုံးအား ဆုပ်ကိုင်လျက်. .

“ဘာတွေများ အတွေးလွန်နေတာလဲ လူလေး။ ခရာမှုတ်နေပြီ တို့တွေ ပြန်မှဖြစ်မယ်”

ဟု ပြောလေ၏။

ကိုကိုကြီးသည် ဘိုးချစ်မြိုင်နှင့်အတူ ထိုနေရာမှ ထွက်ခွာရင်း

“ကျုပ်တော့ လက်ရှိဘဝကို စက်ဆုပ်နေပြီဗျာ၊ ကျုပ်တို့ရဲ့ ဘဝတွေဟာ ပောဒိငရဲခန်းမှာပဲ အဆုံးသတ်ရတော့မှာလား . . . တစ်ခုခုတော့ လုပ်သင့်နေပြီ ဘိုးလေးချစ်”

ဟု ပြောလိုက်လေ၏။

ဘိုးချစ်မြိုင်မှာ ကိုကိုကြီး၏စကားကြောင့် သက်ပြင်းချလျက်



www.burmeseclassic.com

www.burmeseclassic.com



"ငါ့လို အိုကြီးအိုမအတွက် ဘယ်လမ်းကပဲသွားသွား နေ့ချိန်ကို ရောက်သွားမှာပဲကွ၊ ငရဲခန်းကနေ လွတ်မြောက်အောင် ရှာထွက်နိုင်တဲ့အင်အား ငါ့မှာမရှိတော့ဘူး လူလေး"

ဟု အားလျော့သောအသံဖြင့် ပြန်ပြောလေ၏။

"စစ်မရောက်ခင်က မြားကုန်တဲ့စကား မပြောပါနဲ့ ဘိုးချစ်၊ ကျုပ်တို့ လွတ်မြောက်နိုင်မယ့်လမ်းကို ရှာရတော့မယ်"

ဘိုးချစ်မြိုင်သည် လေးတွဲစွာ ခေါင်းခါယမ်းရင်း ...

"ဟုတ်တယ် လူလေး၊ လွတ်မြောက်မယ့်လမ်းကို ဘာရှာဖွေရမယ်၊ ကျုပ်ပါရင် လူလေးရဲ့လမ်းဟာ အတားအဆီး ဖြစ်လိမ့်မယ်၊ ကျုပ်ကို ခင်မင်ရင် ကျုပ်ပြောတဲ့အတိုင်း လုပ်ပါ၊ လူနဲ့ ဒီလုံးတို့ ဒီနေရာကနေ ရအောင် ထွက်ရလိမ့်မယ်"

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ချွေးတပ်သားတချို့ အနားရောက်လာဖြင့် ကိုကိုကြီးတို့မှာ စကားကို ရပ်လိုက်ကြလေ၏။

ဤနေရာတွင် ဘုရားသုံးဆူ ချွေးတပ်စခန်းနှင့် ပတ်သက်အနည်းငယ် တင်ပြလိုပါ၏။

ထိုခေတ်ကာလ ဂျပန်များ ယိုးဒယား-မြန်မာ မီးရထား





ဖောက်လုပ်ရာ၌ ဘုရားသုံးဆူစခန်းမှာ လမ်းဖောက်လုပ်ခြင်း၏ အလယ်ဗဟိုကျသော နေရာဖြစ်၏။

မြန်မာချွေးတပ်သားများ ဘုရားသုံးဆူစခန်းကို ကျော်လွန်၍ မသွားနိုင်သလို ယိုးဒယားဘက်မှ ချွေးတပ်သားများသည်လည်း ဘုရားသုံးဆူအား ကျော်လွန်၍ မလာအောင် ဂျပန်များ ကန့်သတ်ထား၏။

ထို့ကြောင့် ဂျပန်ခေတ်ကာလ ယိုးဒယားမြန်မာ မီးရထားလမ်း ဖောက်လုပ်ရာ၌ ပါဝင်ခြင်းခံရသည့် ချွေးတပ်သားများအတွက် ဘုရားသုံးဆူစခန်းမှာ နောက်ဆုံး ငရဲခန်းပင် ဖြစ်လေ၏။

ထို့နောက်ဆုံး ငရဲခန်း၏ နောက်ဆက်တွဲသည်ကား ...

*

www.burmeseclassic.com

www.burmeseclassic.com

ကိုကိုကြီးတို့ လူစုသည် ယိုယွင်းပျက်စီးနေသော တဲတန်
လျားပေါ်၌ ခြေပစ်လက်ပစ် အနားယူလိုက်ကြလေ၏။

ထိုသို့ အနားယူနိုင်ခြင်းမှာ စခန်းသစ်သို့ ရောက်ခါစ တ
နာရီနီးပါးမျှ အနားပေးထားခြင်းကြောင့်သာ ဖြစ်လေ၏။

ခရီးရှည်ကြီးကို အပြင်းနှင်လာခဲ့ရသဖြင့် ချွေးတပ်သားမျ
ခမျာ တန်းလျားထက် ပင်ပန်းနွမ်းလျစွာ အနားယူနေကြ၏။

ထိုစဉ် စူးစူးဝါးဝါး အော်ဟစ်သံများကို ကြားလိုက်ရလေ၏
"ဟ . . . ဘာဖြစ်တာလဲ မသိဘူးကွ၊ အသံက သရက်ခ
တန်းလျားဘက်ကပဲ၊ သွားကြည့်ကြရအောင်ဟေ့"





ကိုကိုကြီးတို့ ဟသ်ာတခရိုင်အဖွဲ့မှာ အထိတ်တလန့်ဖြင့်
ရက်ခရိုင်တန်းလျားသို့ အပြေးအလွှား သွားကြည့်ကြကုန်၏။

ထိုသို့ သွားကြည့်နိုင်ခြင်းမှာလည်း ၎င်းတို့အဖွဲ့၏ ဘွန်ထိုက်
နှင့်ဟန်ချိုတို့ မရှိခြင်းကြောင့်ပင် ဖြစ်လေ၏။

သရက်ခရိုင်တန်းလျားသို့အရောက်တွင် . . .

"ဟာ . . . ဆိုးလိုက်တဲ့ အပုပ်နံ့ကြီး၊ . . . ထွီ . . . ဝေါ့"

နှာခေါင်းတွင်းတိုးဝင်လာသည့် အပုပ်နံ့ကြီးကြောင့် သူတို့
လုံး နှာခေါင်းပိတ်လျက် တချို့မှာ ထိုးအန်ကုန်ကြ၏။

ကိုကိုကြီးနှင့် ဘိုးချစ်မြိုင်မှာ လူများအုံခဲရာသို့ တိုးဝှေ့ကြည့်
. . .

"ဟာ လူသေကောင်ကြီးပါလား၊ ဒါကြောင့် အပုပ်နံ့ထွက်
တာပဲ၊ ဘယ်လိုဖြစ်တာလဲဗျ"

ကိုကိုကြီးသည် နှာခေါင်းကို ပုဆိုးဖြင့်အုပ်ပြီး မေးလိုက်လေ

"ကျုပ်တို့လည်း မသိဘူးဗျ၊ ကျုပ်တို့ရဲ့ဟန်ချိုက ဒီတန်း
မှာ နေရမယ်လို့ပြောပြီး မဲ့စတာတွေခေါ်လို့ ထွက်သွားတာ၊
တို့ တန်းလျားပေါ်ရောက်တော့ ဟောဒီ မသာကောင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတော့တာပါပဲ၊ ယင်ကောင်တလောင်းလောင်းနဲ့ ပုပ်ပွနေတာမှ
ရှုံ့စရာကြီးဗျာ၊ တချို့က ဒါကြီးကိုတွေ့ပြီး လန့်အော်ကြတာဗျ''

ခွေးတပ်သားတစ်ဦး၏ စကားကြောင့် ဘိုးချစ်မြိုင်က ...

''အပုပ်ကောင်ကြီးကို ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ မော
ရင်တို့ရာ၊ ကျင်းတူးပြီး မြှုပ်ပစ်မှရမှာပေါ့၊ ဒီလိုမှမလုပ်ရင် မောင်ရင်
တန်းလျားမှာ နေလို့ရမှာမဟုတ်ဘူး''

''အင်း ... ကြည့်ရတာ ရောဂါကြောင့် သေဆုံးခဲ့ပုံပဲ၊
ကဲ ... အလောင်းကို မြေမြှုပ်ဖို့ လုပ်ကြတော့''

ဟု ပြောလိုက်ရာ ခွေးတပ်သားတချို့မှာ အလောင်းကော
နားသို့ စိတ်လက်မသာမယာဖြင့် လျှောက်သွားကြလေ၏။

ကျန်ခွေးတပ်အချို့မှာ အလောင်းမြှုပ်ရန်အတွက် မြေ
အား တူးဆွကြကုန်၏။

အတန်ကြာအောင် တူးဆွမိလျှင် ၎င်းတို့ထံမှ ...

''ဟာ ... ဒီမှာလည်း အလောင်းတွေ မြှုပ်ထားတာမှ အ
အရှုန်းပဲဗျို့''

ဟူသောအသံများ ထွက်ပေါ်လာ၏။

သရက်ခရိုင် ခွေးတပ်သားများသည် တန်းလျားနှင့် အင





လှမ်းသည့် နေရာ၌ မြေတူးဆွကြလေ၏။

ထိုအခါမှပင် အပုပ်ကောင်ကြီးအား မြေချရလေ၏။

ကိုကိုကြီးသည် ၎င်းတို့ထံမှ အပြန်လမ်း၌ ...

''ကြည့်ရတာ ဒီစခန်းမှာ လူတွေ အတုံးအရုန်း သေခဲ့ပုံပဲ
ကပ်ရောဂါ ကျရောက်ခဲ့လို့ပဲ ဖြစ်ရမယ်၊ ကျုပ်တို့ အနေအထိုင်
ရော အစားအသောက်ပါ ဂရုစိုက်ရလိမ့်မယ် ဘိုးလေးချစ်''

ဟု ပြောလိုက်ရာ ဘိုးချစ်မြိုင်က ...

''ဒါတင်ဘယ်ကမလဲ မောင်ရင်ရ ... ဒီစခန်းကိုကြည့်ရတာ
နေ့နံပျက်ကြီးပဲကွ၊ ဒီတော့ တောတွင်းတိရစ္ဆာန်တွေရဲ့ အန္တရာယ်ကို
အထူးသတိထားရမယ်ကွ၊ ခွေးတပ်သားတွေကို ကျားဝင်ဆွဲလို့
ယ်ကျပန်ကောင်မှ ဂရုစိုက်မှာ မဟုတ်ဘူးကွ၊ တို့တွေရဲ့ဘဝက
သက်ရှင်လျက်နဲ့ အခေါင်းထဲပိတ်ပြီး မြေမြှုပ်ခံရသလိုပဲ ... ဘေး
ပ်နံကျပ်နဲ့၊ ဘယ်အချိန် အသက်ထွက်မလဲဆိုတာ စောင့်စားနေရ
ယ်''

ဟု ပြောလေ၏။

ဟသ်ာတခရိုင်တန်းလျားသို့ ပြန်ရောက်သောအခါ ခွေးတပ်
များ၏ အသံဗလံများကို ကြားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသုံးဆူစခန်းက ကျော်ရင် ယိုးဒယားနယ်စပ်
ရောက်ပြီကွ၊ ဒီစခန်းကနေ တို့တွေကို ယိုးဒယားဆက်ပို့မယ် ထ
တယ်ကွ၊ ချွေးတပ်ထဲ စဝင်တုန်းက လက်ပတ်နီတွေ ပြောဖူးတယ်
ကံကောင်းရင် ယိုးဒယားထိ ရောက်မယ်တဲ့၊ ဟိုမှာ အစားအသော
တို့ အဝတ်အထည်တို့ သိပ်ပေါ်ဆိုပဲ"

ချွေးတပ်သားတစ်ယောက်၏စကားကို ကျန်တစ်ယောက်

"ကျုပ်ကတော့ ယိုးဒယားလည်း မရောက်ချင်ဘူး၊ ရက်
တွေသာ ကြာလာတယ် ပြောင်းလိုက်ရတဲ့စခန်းတွေ၊ တဖြည်းဖြည်း
ဇာတိမြေနဲ့ ဝေးလာသလို ခံစားရတယ်၊ ဘယ်တော့များမှ အိမ်
ခွင့်ရပါ့မလဲ၊ အိမ်ပြန်ချင်လိုက်တာဗျာ"

ဟု ညည်းတွားလိုက်လေ၏။

အရိုးပေါ်အရေတင်ဖြစ်နေသော ထိုချွေးတပ်သား၏မျက်နှာ
မျက်ရည်များ ရစ်ဝဲလျက် . . .

"ကျုပ်အထင်ပြောရရင် ဘုရားသုံးဆူစခန်းက နောက်
စခန်းပဲဗျ၊ ဒီနေရာမှာ လုပ်ပြီးရင်တော့ ကျုပ်တို့ကို ပြန်ပို့မယ် ထ
ပါတယ်"

ချွေးတပ်သားတစ်ယောက်၏စကားကြောင့် ကိုကိုကြီးသ

ခြောက်ကပ်အက်ကွဲသောအသံဖြင့် . . .

"ဟား ဟား ဟား . . . ပြန်ပို့မယ် ထင်ပါတယ် . . . ဟုတ်
သား၊ ခင်ဗျားတို့ ခုချိန်ထိ ဖက်ဆစ်ကောင်တွေရဲ့စကားကို ယုံကြည်နေ
တုန်းပါလား၊ ဟုတ်တယ် . . . ဒီနေရာဟာ နောက်ဆုံးစခန်းပဲ၊ ဒါပေမဲ့
ခဲခန်းဗျ ငရဲခန်း၊ ငရဲပန်းကို ရွှေပန်းထင်ရင် ခင်ဗျားတို့ အကြီး
အကျယ် ဒုက္ခရောက်လိမ့်မယ်၊ ကျုပ်ကတော့ လုံးဝယုံကြည်နေ
တယ် . . . ဒီနေရာဟာ သေမင်းရဲ့ နောက်ဆုံးခံတွင်းဝပဲ . . .၊

ဒီမယ် ကိုယ့်လူတို့ . . . ကျုပ်နာမည် ကိုကိုကြီး၊ ကုက္ကိုကိုင်း
သား ကိုကိုကြီးဗျ၊ မြန်မာဆိုတာ အညာမှ စစ်သတဲ့ဗျ၊ အညာသား
ကိုကိုကြီးရဲ့သတ္တိ ဘယ်လောက်ရှိသလဲဆိုတာ ဖက်ဆစ်ကောင်တွေ
သိအောင်ပြဖို့ အချိန်တန်နေပြီ၊ ခင်ဗျားတို့အားလုံး ခုနက အလောင်း
ကောင်ကြီးကို တွေ့ခဲ့တယ် မဟုတ်လား၊ ခင်ဗျားတို့အားလုံး သတ္တိ
ကြောင်ရင် အလောင်းကောင်ကြီးလို ပုပ်ပွပြီး သရဏဂုံမတင်နိုင်
ဘဲ ရောက်ကြမယ်၊ အေး . . . သတ္တိကောင်းရင်တော့ ငရဲခန်း
နေ လွတ်မြောက်နိုင်မယ်၊ ကဲ . . . ဘယ်လမ်း ရွေးမလဲ"

ဟု ပြတ်သားစွာ မေးလိုက်လေ၏။

ချွေးတပ်သားအားလုံး အပ်ကျသံမကြားလောက်အောင် ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်သွား၏။

ကိုကိုကြီးသည် ချွေးတပ်သားများ၏မျက်နှာအား စူးစိုက် ကြည့်လျက် ...

"ထိုင်ပြီးသေရတာထက်စာရင် တိုက်ခိုက်ရင်း သေရတာ ပိုမြတ်တယ်၊ အမျိုးဘာသာ သာသနာအတွက် နယ်ချဲ့ကောင်တွေကို တွန်းလှန်ရမယ်၊ ကျုပ်တို့ရဲ့တော်လှန်မှုဟာ သမိုင်းမှာ ကမ္ပည်းတင် နိုင်ချင်မှ တင်နိုင်မယ်၊ ကျွဲနွားတိရစ္ဆာန်လို ကြိမ်တို့အခိုင်းခံနေရတဲ့ ခင်ဗျားတို့ရဲ့ ဘဝကြီးကို ရွံရှာစက်ဆုပ်လိုက်စမ်းပါ၊ မြန်မာဆိုတာ ကျွန်မဟုတ်ဘူး ... သခင်ဗျ သခင် ...!

သခင်စိတ်နဲ့ သေရရင်တောင် ကိုယ့်လိပ်ပြာ ကိုယ်သန့်မှာ တယ်၊ ဒီတော့ ခင်ဗျားတို့အားလုံး ကျွန်အဖြစ် နှံ့နှစ်ခံမလား သခင်အဖြစ် ဝံ့ကြွားကြမလား"

ဟု ရာဇသွေးရာဇမာန်ဖြင့် ကြွေးကြော်လိုက်၏။

ကိုကိုကြီး၏ စကားများသည် အားအင်ကုန်ခမ်း နွမ်းလျနေ သော ချွေးတပ်သားများ၏ကိုယ်ထဲသို့ ရဲဆေး သွင်းပေးလိုက်သည် နှယ်။

အုပ်စုဖွဲ့ထိုင်လျက် ငြိမ်သက်နေသော ချွေးတပ်သားများ





အသီးသီးထရပ်လိုက်ကြ၏။

၎င်းတို့၏ အရိုးပြိုင်းပြိုင်းထနေသော ခန္ဓာကိုယ်များမှာ အကြောအခြင်များ ထောင်ထမတတ် လက်သီးဆုပ်လျက် ...

"ကျွန်အဖြစ်တော့ နှံ့နှစ်မခံနိုင်ဘူး၊ သခင်အဖြစ်နဲ့ ဝံ့ကြွား ချင်တယ်၊ ချမယ် ... ဒီကောင်တွေကို အရေခွံဆုတ်ရင်း သေရတာ က ပိုမြတ်တယ်"

ဟု သံပြိုင်ကြွေးကြော်လိုက်ကြ၏။

၎င်းတို့၏ကြွေးကြော်သံကြောင့် ကိုကိုကြီးမှာ မျက်ရည်စို့ မတတ် ဝမ်းသာသွားရှာ၏။

"ဟုတ်တယ် ... မြန်မာဆိုတာ ဒီလိုပဲ ဖြစ်ရမယ်၊ ခင်ဗျားတို့ အားလုံး ကျုပ်ပြောတဲ့အတိုင်း လုပ်ရမယ်၊ ကျုပ်တို့ သွေးစည်းဖို့ လိုတယ်၊ နယ်ချဲ့ဖက်ဆစ်ကောင်တွေကို တွန်းလှန်ဖို့ ဉာဏ်ကို အသုံးချရမယ်၊ ကျုပ်တို့ရဲ့ စည်းလုံးညီညာတဲ့ မြန်မာ့သွေးဟာ ဖက်ဆစ်ကောင်တွေရဲ့ စက်သေနတ်ထက် ပိုပြီး အစွမ်းထက်စေရမယ်၊ အစွမ်းထက်စေရမယ်"

✻



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တွင်မူ ကိုကိုကြီးဦးဆောင်သော ဟသ်ာတခရိုင် ချေးတပ်သားများသည် တော်လှန်မှုကြီးစတင်ရန် တိတ်တဆိတ် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ကြ၏။

တောတွင်း သစ်ခုတ်သွားချိန်များ၌ တစ်ပေမျှရှိသော ဓါးချွန် များအား လက်နက်အဖြစ် စုဆောင်းကြ၏။

တန်းလျားသို့ ပြန်ရောက်လျှင် ထိုဓါးချွန်များအား အမြန် မြှုပ်၍ ဝှက်ထားကြ၏။

ကိုကိုကြီးသည် ဟန်ချိုအေးချိုအား စည်းရုံးရေးဆင်းလေ တော့၏။





အေးချိုမှာ ကိုကိုကြီး၏စကားကို ကြားလျှင် အထိတ်တလန့် ဖြစ်ကာ ငြင်းဆန်လေ၏။

ကိုကိုကြီးသည် အေးချိုအား လေပြေထိုးမရသည့်အဆုံး၌

“ဒီမယ် ကိုအေးချို . . . ကျုပ်တို့ ချေးတပ်သားအားလုံးမှာ လူတစ်ယောက်ရဲ့ဗိုက်ကို ထုတ်ချင်းပေါက်စိုက်ဝင်ပြီး သေနိုင်လောက် တဲ့လက်နက်တွေ ကိုယ်စီရှိကြတယ် . . .၊

ဒီအချိန်မှာ ကျုပ်တို့အားလုံး သွေးစည်းနေပြီ၊ အားလုံးရဲ့ သွေးတွေဟာ ဖက်ဆစ်ကောင်တွေကို တော်လှန်ဖို့ ပွက်ပွက်ဆူနေပြီ ဗျ၊ အမျိုးကို သစ္စာဖောက်ရင်, အသားထဲက လောက်ထွက်ဖို့ ကြိုး စားရင် ငြိမ်ခံနေမယ့်ကောင် တစ်ယောက်မှ မရှိဘူး။

ဒီတော့ သစ္စာဖောက်ကောင်အနေနဲ့ အသတ်ခံရပြီး အသေခံ မလား၊ ဖက်ဆစ်ကောင်တွေရဲ့ သေနတ်ဖျားမှာ အသက်ထွက်ချင် သလားဗျ”

ဟု ခြိမ်းခြောက်စကား ဆိုလိုက်၏။

ဟန်ချိုအေးချိုမှာ မျက်နှာ၌ သွေးမရှိလောက်အောင် ဖြူ ဆုတ်သွားရ၏။

နောက်ဆုံးတွင် စိတ်ဒုံးဒုံးချကာ ကိုကိုကြီးတို့နှင့် ပူးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ကတိပြုလေတော့၏။

ထို့နောက်ပိုင်း၌ ကိုကိုကြီးသည် ဟန်ချီအေးချီမှတစ်ဆင့် ဂျပန်စစ်စခန်း၏အခြေအနေအား မျက်ခြည်မပြတ် အကဲခတ်လေ၏။

ကိုကိုကြီးနှင့် ချွေးတပ်သားများမှာ နေ့ခင်းဘက် လုပ်ငန်းခွင်၌ ဟန်မပျက် လုပ်ကိုင်ပေးကြ၏။

ညသို့ရောက်လျှင် ဟန်ချီအေးချီအား ဂျပန်တပ်သားနှစ်ဦးနှင့် လက်မောင်း၌ လိုင်းသုံးလိုင်းပါသည့် ဂျပန်ဗိုလ်တစ်ယောက် လာရောက် ခေါ်ဆောင်သွား၏။

ထိုအဖြစ်ကြောင့် ကိုကိုကြီးတို့မှာ ရင်တထိတ်ထိတ်ဖြင့် ကျန်ရစ်ခဲ့ရ၏။

အတန်ကြာလျှင် ဟန်ချီအေးချီသည် တက်ကြွသောအမူအရာဖြင့် အပြေးတစ်ပိုင်း ပြန်ရောက်လာ၏။

"ကျုပ်တို့တော့ ဟန်ကျပြီဗျို့၊ ဒီမယ် ကိုကိုကြီးရေ . . . ကျုပ်တို့ သွေးချောင်းမစီးဘဲ လွတ်လပ်တော့မယ်ဗျ"

ဟန်ချီအေးချီစကားကြောင့် ချွေးတပ်သားများသည် စိတ်လှုပ်ရှားသွားကြကာ ၎င်း၏အနီးသို့ စုပြုံရောက်ရှိလာ၏။

"ဘာလဲဗျ ခင်ဗျားစကားက . . . ကျုပ်တို့ကို ရှင်းအောင်ပြော





စမ်းပါ"

ကိုကိုကြီး၏အမေးကြောင့် ဟန်ချီအေးချီက . . .

"ဒီလိုဗျ . . . ရက်ပိုင်းအတွင်းမှာ အဓိပတိအရှင်မင်းကြီး ဒေါက်တာဘမော်ဟာ ကျုပ်တို့ ချွေးတပ်သားတွေဆီ လာရောက်ကြည့်ရှုမယ်တဲ့ဗျ . . .၊

ဟား ဟား ဟား . . . အဓိပတိမင်းကြီးလာရင် ကျုပ်တို့ ချွေးတပ်သားတွေရဲ့ ဂုဏ်နိမ့်ယိုပိုင်းနဲ့ အရိုးပြိုင်းပြိုင်းထနေတဲ့ ပုံတွေကို တွေ့မယ်၊ ဒင်းတို့ ချွေးတပ်သားတွေကို တိရစ္ဆာန်လို နှိပ်စက်ထားတာတွေကိုပါ မြင်သွားမယ်ဗျ . . .၊

ကျုပ်တို့အနေနဲ့လည်း အဓိပတိမင်းကြီးဆီမှာ လွတ်မြောက်ခွင့်တောင်းလို့ ရသွားပြီ၊ ဒါဟာ ကျုပ်တို့ကို ဘုရားမတာပဲဗျ"

ဟု ဝမ်းသာအားရပြောလေ၏။

အေးချီ၏စကားကြောင့် ကိုကိုကြီးမှာ မျက်မှောင်ကြုတ်သွားပြီး . . .

"ကျုပ်တော့ မထင်ဘူး ကိုအေးချီ၊ ဖက်ဆစ်ကောင်တွေဟာ ချွေးတပ်သားတွေရဲ့ ကမ္ဘာဒုက္ခဿန်းရုပ်တွေကို အဓိပတိမင်းကြီးကို ပြဝံ့မယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးဆဟန်ဖြင့် ပြောလိုက်၏။

ကိုကိုကြီး၏စကားကြောင့် ဟန်ချီအေးချို၏မျက်နှာမှ အပျော်များ ပျောက်ကွယ်သွားတော့၏။

ကိုကိုကြီးကပင် ဆက်၍ . . .

"တစ်ခုတော့ရှိတယ်ဗျ . . . အဓိပတိမင်းကြီးရောက်မယ့်နေ့ဟာ ကျုပ်တို့ရဲ့ပုန်ကန်မှုကြီးအတွက် အခွင့်အရေးပဲဗျ။ ဒီတော့ ကိုအေးချိုအနေနဲ့ မင်းကြီးရောက်မယ့်ရက်ကို အတိအကျ စုံစမ်းပေးဖို့လိုမယ်"

*

တစ်ခုသောညဥ့် ချွေးတပ်သားအားလုံး အိပ်ပျော်နေစဉ် . . .

"ဟင်း ဟင်း ဟင်း"

"အင်း ဟင်း ဟင်း"

ဟူသည့် ညည်းညူသံကြီးကို ကြားလိုက်ရ၏။

အသံကြောင့် ကိုကိုကြီး၊ ဘိုးချစ်မြိုင်နှင့် ချွေးတပ်သားတချို့ နိုးသွား၏။

"ဘာသံကြီးလဲဟ . . . တရွှေခြောက်ပြီထင်တယ်"

ဘိုးချစ်မြိုင်မှာ နှုတ်မှရေရွတ်ရင်း နတ်သမီးတံဆိပ်မီးခြစ်ဆံ

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အား မီးခြစ်လိုက်လေ၏။

"မဟုတ်ဘူး ဘိုးလေးချစ်၊ ဒါဟာ တစ်ယောက်ယောက် ညည်းနေသံပဲ၊ ဘယ်သူများ အဖျားတက်နေလဲ မသိဘူး၊ ကိုအေးချို ကို သွားနှိုးမှဖြစ်မယ်"

ကိုကိုကြီးသည် ပြောပြောဆိုဆို တန်းလျား၏ထိပ်ဆုံး၌ အိပ်နေသည့် ဟန်ချီအေးချိုရှိရာ လျှောက်သွား၏။

ငင်းကိုနှိုး၍ အကျိုးအကြောင်းပြောလိုက်ရာ အေးချိုမှာ အိပ်မှုန်စုံမွှားဖြင့် ထလာ၏။

ကညင်မီးတိုင်အား ထွန်းညှိလျက် ညည်းညူသံကို ရှာကြ လေ၏။

ထိုအခါ တန်းလျားနောက်ပိုင်းရှိ ချွေးတပ်သားတစ်ဦးထံမှ ဖြစ်ကြောင်း တွေ့ရလေ၏။

ကိုကိုကြီးတို့သည် ငင်းချွေးတပ်သားအား စမ်းသပ်ကြည့်ရာ

"ဟင် . . . ကိုယ်တွေ တအားပူနေပါလား၊ ညှီစို့စို့အနံ့ကြီး လည်း ရနေတယ်"

ဟန်ချီအေးချိုသည် ပြောပြောဆိုဆို ငင်တပ်သား၏မျက်နှာ ကို မီးအလင်းရောင်ဖြင့် ကြည့်ရှုလိုက်၏။





"ဟာ . . . သူ့မျက်နှာမှာ ပြည်ဖုလိုအနာတွေပါလား၊ ပြည် တွေလည်း ထွက်နေတယ်ဗျ"

အေးချို၏ အထိတ်တလန့်အသံကြောင့် ကိုကိုကြီးနှင့် ဘိုး ချစ်မြိုင်တို့သည် မျက်နှာပျက်သွားကြလေ၏။

"ဒါ ဒါဆို ဒီလူဟာ ကျောက်ရောဂါဖြစ်နေပြီ၊ ကျုပ်တို့ ဆေးရုံပို့မှ ဖြစ်မယ်ထင်တယ်"

ဘိုးချစ်မြိုင်၏စကားကြောင့် ဟန်ချီအေးချိုမှာ မျက်နှာ ကွက်ခနဲ ပျက်သွားပြီး . . .

"ဆေးရုံပို့ရင် ရောဂါပိုဆိုးရုံပဲရှိလိမ့်မယ်၊ တောတွင်းဆေးရုံ ဆိုတာက ဘာမှ ထိထိရောက်ရောက် ကုပေးနိုင်တာမဟုတ်ဘူး၊ ခင်း . . . ဒီမှာ ဆက်ထားရင်လည်း ဂျပန်တွေတွေ့သွားရင် ပြဿနာ က အကြီးကြီးဗျ၊ ကျောက်ရောဂါဖြစ်တဲ့လူဆို သူတို့ သိပ်ရွံတာ၊ အရှင်လတ်လတ်ကြီး ပစ်သတ်ကြလိမ့်မယ်ဗျ၊ ကျုပ်တော့ ဘာလုပ်ရ န်း မသိတော့ဘူး"

ဟု ညည်းညူစကားဆို၏။

ထိုအခိုက်မှာပင် ဂျပန်တပ်သားများ၏ အချက်ပေးခရာမှုတ် သံကို ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခရာသံကြောင့် ဟန်ချိုအေးချိုမှာ ဆတ်ခနဲ တုန်သွားပြ

"ဟင် . . . ခရာမှုတ်သံကြားရတယ်၊ ဒါဟာ စခန်းမှာ အခေ

ပေါ် ကိစ္စဖြစ်လို့ပဲ . . . ဒုက္ခပဲ ဒုက္ခပါပဲ"

ဟု ရေရွတ်လျက် လူနာအား စောင်ခြုံပေးကာ အလျ

အမြန်ပင် တန်းလျားပေါ်မှ ခုန်ဆင်းလိုက်လေ၏။

ကျွန် ခွေးတပ်သားများသည်လည်း အသီးသီး နေရာ

ပြန်ပြေးကြကုန်၏။

ခဏကြာလျှင် ဂျပန်အရာရှိတစ်ဦးနှင့် ဂျပန်တပ်သား ငါ

ယောက် ရောက်ရှိလာ၏။

စကားပြန်လူငယ်က အေးချိုအား . . .

"သရက်ခရိုင်ထဲက တပ်သားတစ်ယောက် ထွက်ပြေးဖို့

တုန်း မာစတာကြီးတွေ ဖမ်းမိလိုက်တယ်၊ ကျုပ်တို့ လူစစ်မယ် . .

လူဦးရေစာရင်း တင်ပြပါ"

ဟု ပြောသဖြင့် အေးချိုသည် ခွေးတပ်သားစာရင်းစာရွက်

ထုတ်ပေးလိုက်၏။

ထိုအခါ ဂျပန်များသည် တန်းလျားတွင်းရှိ ခွေးတပ်သား

အား လိုက်လံစစ်ဆေးလေတော့၏။



ဟန်ချိုအေးချို ကိုကိုကြီးနှင့် ဘိုးချစ်မြိုင်တို့မှာ ရင်ဒိန်းဒိန်း

ခုန်လျက် စိတ်လှုပ်ရှားနေကြ၏။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့အဖွဲ့ထဲ၌ ကျောက်ရောဂါ

သည်နာရှင် ရှိနေသည်မဟုတ်ပါလား။

အကယ်၍ ထိုလူအား ဂျပန်များတွေ့သွားပါက ဟန်ချို

အေးချို၏အနာဂတ်မှာ တွေးဝံ့ဖွယ်ပင် မရှိ။

ဂျပန်များသည် ခွေးတပ်သားများအား တစ်ဦးချင်း စစ်ဆေး

သွားရာ လူနာအနီးသို့ ရောက်ရှိသွားကြ၏။

ဂျပန်အရာရှိသည် နှာခေါင်းကို တရှုပ်ရှုပ်လုပ်နေ၏။

၎င်း၏နှာခေါင်း၌ လူနာထံမှ ပြည်ပုပ်ရည်အနံ့ဆိုးကြီးကို

ရှိုက်နေရပုံ ရလေ၏။

ဟန်ချိုအေးချိုမှာ ဂျပန်အရာရှိ၏မျက်နှာအား အကဲခတ်မိ

၍ ခြေလက်များ အေးစက်မတတ် ထိတ်လန့်နေရှာ၏။

ထိုအခိုက်မှာပင် စကားပြန်လူငယ်လေးသည် ဂျပန်အရာရှိ

အား ဂျပန်ဘာသာဖြင့် စကားပြောဆိုလိုက်၏။

ဂျပန်အရာရှိ၏ မျက်နှာကြီးနီရဲလျက် ဒေါသတကြီး ပြန်

ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



စကားပြန်လူငယ်လေးသည် ဦးညွှတ်အရိုအသေပြု၍ ...

"ဟိုက် မာစတာ ဟိုက်"

ဟု ရေရွတ်ကာ ဟန်ချီအေးချိုဘက်လှည့်ပြီး ...

"ဒီမယ် ဟန်ချီ ... ခင်ဗျားလူတွေထဲမှာ ကျောက်ရော

သည် ရှိနေတာ ကျုပ်တို့သိတယ်၊ ခုချက်ချင်း အဲဒီလူကို ဆွဲထုတ်

စမ်း"

စကားပြန်၏အပြောကြောင့် ဟန်ချီအေးချိုမှာ ခေါင်းတ

တည့် မိုးကြိုးပစ်ချခံရသူနှယ် တုန်လှုပ်သွားရှာ၏။

သူသည် မည်သို့မျှမတတ်နိုင်တော့ဘဲ ကျောက်ရောဂါသ

ချွေးတပ်သားအား ဂျပန်တပ်သားများလက်သို့ အပ်လိုက်ရရှာ

ဟန်ချီအေးချိုသည်ကား ချွေးစေးများပြွန်လျက် လက်များ

အေးစက်နေ၏။

ထိုစဉ် ဂျပန်တပ်သားတစ်ဦးသည် အေးချိုအား ကျ

ဆောင့်တွန်းလျက် ဖမ်းချုပ်ခေါ်ဆောင်သွားတော့၏။

ကိုကိုကြီး၊ ဘိုးချစ်မြိုင်နှင့် ချွေးတပ်သားများမှာ အခြေအ

ကို ရိပ်စားမိသည့်အလျောက် များစွာ စိတ်မောသွားရလေ၏။

ဂျပန်များ ထွက်သွားသောအခါ ...





"တောက် ... ဒါဟာ အသားထဲကလောက်ထွက်တဲ့ စကား

ဒီကောင်ကြောင့်ဗျ၊ ဒင်းက ပထွေးတွေကို အတို့အထောင် လုပ်လိုက်

တာ၊ ကျုပ်တော့ ဒီကောင့်ကို အရေခွံဆုတ်ပစ်ချင်နေပြီ"

ကိုကိုကြီး၏ မကျေမနပ် ကြုံးဝါးသံနှင့်အတူ ...

"ဟုတ်တယ်ဗျ၊ ဒီကောင် သခင်အားရ ကျွန်ပါးဝသွားတာ၊

ကျုပ်တို့ရဲ့ အရေးတော်ပုံကြီး စခါနီးမှ ဒီလိုဖြစ်တာ ရင်မချိလိုက်တာ

ဗျာ၊ ကိုအေးချိုကို ဖက်ဆစ်ကောင်တွေ ဘာလုပ်ဦးမလဲ မသိဘူး"

"သက်သက်သာသာ အပြစ်ပေးခံရရင် မသေရုံတမယ်

နှိပ်စက်ခံရပြီး ပြန်လာလိမ့်မယ်၊ ကြီးလေးတဲ့ အပြစ်ဒဏ်ဆိုရင်တော့

သေဒဏ်ပဲ"

ဘိုးချစ်မြိုင်၏စကားကြောင့် ချွေးတပ်သားများမှာ ဟန်ချီ

အေးချိုအတွက် များစွာ စိတ်ထိခိုက်သွားကြလေ၏။

'ဒိုင်း'

'ဒိုင်း'

'ဒိုင်း'

သုံးချက်ဆင့် ထွက်ပေါ်လာသော သေနတ်သံကြောင့် သူတို့

အားလုံး အံကြိတ်ကာ လက်သီးကို ကျစ်နေအောင် ဆုပ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသေနတ်သံသည် ကျောက်ရောဂါသည် ခွေးတပ်သား၏ မရဏာခေါ်သံပင် မဟုတ်ပါလား။

❋

နောက်တစ်နေ့သို့ရောက်လျှင် ကိုကိုကြီးသည် ဟန်ချီအေး ...သတင်းကို ရရှိရန် ကြိုးပမ်းရလေ၏။

သူသည် အလုပ်နားချိန်၌ စကားပြန်လူငယ်အား မုန့်ပဲ ...ရေစာများနှင့် အရက်တို့ပေးကာ အေးချို၏သတင်းကို အရယူလေ ...

ထိုအခါ ဂျပန်များသည် ဟန်ချီအေးချိုအား ရိုက်နှက်ညှဉ်း ...၍ အချုပ်ခန်း၌ထည့်ထားသည်ကို သိရှိရလေ၏။

ညသို့ရောက်လျှင် အေးချို၏နေရာ၌ ဟန်ချီအသစ် တစ် ...က် ရောက်ရှိလာ၏။

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချီအသစ်သည် လူစစ်ပြီးချိန်တွင် တန်း၍အိပ်စက်လေ၏။

ထို့ကြောင့် ဟန်ချီအသစ်မှာ အအိပ်ကြီးသူတစ်ယောက် ဖြစ်ကြောင်း သိရှိရလေ၏။

ကိုကိုကြီးနှင့် ခွေးတပ်သားများသည် ဟန်ချီအိပ်ပျော်သည်နှင့်တစ်ပြိုင်နက် အစည်းအဝေးထိုင်ကြလေတော့၏။

"ကိုအေးချိုကို ဂျပန်တွေ အပြတ်မရှင်းသေးဘူး၊ ဒါပေ ကျုပ်တို့အတွက် ဘုရားမတာပဲဗျ။ ကျုပ်တို့ သူ့ကို ရအောင် ကယ် ထုတ်ရမယ်"

ကိုကိုကြီး၏စကားကြောင့် ဘိုးချစ်မြိုင်က ခေါင်းခါယမ်းလိုက်ရင်း ...

"ဒီလိုလုပ်ရင် အကြီးအကျယ် မှားလိမ့်မယ် မောင်ကိုကိုကြီး တို့ရဲ့ အရေးတော်ပုံကြီး အထမမြောက်ခင် ပြဿနာတက်လို့ မဖြစ် ခေါင်းအေးအေးထားပြီး စဉ်းစားပါ"

ဟု ပြောလေ၏။

ထိုအခါ အဖွဲ့ထဲရှိ စာတတ်ပေတတ်ဟန်ရှိသော ခွေးတပ် သားတစ်ဦးက ...





"အဓိပတိမင်းကြီး လာမယ့်သတင်းသာ မှန်ကန်ရင် ကိုအေးချို လွတ်ကိုလွတ်လိမ့်မယ်ဗျ။ ဘာကြောင့်လဲဆိုတော့ ဖက်ဆစ်ကောင်တွေဟာ မင်းကြီးကို မျက်နှာချိုသွေးကြမှာပဲ၊ မြန်မာတစ်ယောက်ကို ဖမ်းဆီးနှိပ်စက်တဲ့လုပ်ရပ်မျိုး သူတို့ပြုဝံ့မှာ မဟုတ်ဘူးလို့ ကျုပ်ယူဆတယ်"

ဟု ဝင်ရောက်ပြောလေ၏။

ကိုကိုကြီးသည် သက်ပြင်းချလျက် ...

"အင်း ... ဒါဆိုရင် ဟန်ချီအေးချိုရဲ့ကံကြမ္မာဟာ မင်းကြီးအပေါ်မှာ မူတည်နေတာပေါ့၊ တစ်ခုရှိတယ်ဗျ ... မင်းကြီးမရောက်ခင် ကိုအေးချိုကို သူတို့ အပြတ်ရှင်းလိုက်ရင်ရော၊ ကျုပ်တို့အရေးတော်ပုံအတွက် ကိုအေးချို လိုအပ်တယ်"

ဟု တွေးတွေးဆဆ ပြောလိုက်၏။

ထိုအခိုက်မှာပင် ဟန်ချီအသစ်ဆီမှ ချောင်းဟန့်သံကြားရသဖြင့် သူတို့အားလုံး လူစုခွဲလိုက်ရ၏။

ကိုကိုကြီးသည် အိပ်ရာထက်လှဲလျက် နဖူးပေါ်လက်တင်ရင်း ကိုအေးချိုအား ကယ်ထုတ်နိုင်မည့်လမ်းစများကို တွေးတောလျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးချစ်မြိုင်သည်လည်း ထိုနည်းအတူပင်။

ထိုညတစ်ညလုံး ၎င်းတို့မှာ အတွေးများဖြင့်ပင် မိုးစင်စင်လင်းခဲ့ရလေ၏။

နောက်တစ်နေ့ ချွေးတပ်သားများ တန်းစီလူစစ်ပြီးချိန်၌ လုပ်ငန်းခွင်သို့ မသွားရဘဲ တန်းလျားသို့ ပြန်ရလေ၏။

ထိုဖြစ်ရပ်ကြောင့် ချွေးတပ်သားများမှာ အံ့သြစိတ်နှင့်အတူ တွေးရခက်ကြီး ဖြစ်ကုန်ကြ၏။

ကိုကိုကြီးတို့ တန်းလျားသို့ ပြန်ရောက်သောအခါ ဟန်ချို အသစ်က . . .

"ဒီနေ့ ခင်ဗျားတို့အားလုံး အလုပ်မလုပ်ရဘူး၊ တန်းလျားမှာပဲ နေရမယ်၊ ထမင်းစားချိန်ရောက်ရင်လည်း ဒီမှာပဲ စားရမယ်၊ တန်းလျားတံခါးကို ပိတ်ထားမယ်၊ ဘယ်သူမှ အပြင်ထွက်ခွင့် မရှိဘူး၊ ဒါဟာ အထက်က မာစတာကြီးတွေရဲ့ အမိန့်ပဲ"

ဟု ပြောဆိုကာ တန်းလျားရှိ ဝါးတံခါးအား သော့ခတ်၍ ထွက်သွားလေ၏။

"ဘာဖြစ်တာလဲဟ၊ ချွေးတပ်ထဲကို ရောက်ခဲ့တာ လပေါင်းမနည်းတော့ဘူး၊ အလုပ်မလုပ်ရတာ ဒီတစ်နေ့ပဲ ရှိသေးတယ်၊





ဂျပန်တွေ စိတ်ကောင်းဝင်သွားပြီလား မသိဘူး"

"ကျုပ်တို့ကို ပြန်လွှတ်တော့မယ် ထင်တယ်၊ ဒါ့ကြောင့် အလုပ်မခိုင်းဘဲ အနားပေးတာ ဖြစ်ရမယ်ဗျို့"

"ဇရဲခန်းက လွတ်မြောက်ခွင့်ရမယ်ဆိုရင် လောကမှာ ကျုပ်တို့ ချွေးတပ်သားတွေလောက် ပျော်မယ့်လူ ရှိမယ်မထင်ဘူး အိမ်မှာ ကျန်ခဲ့တဲ့ မိန်းမနဲ့ကလေးတွေကို လွမ်းလိုက်တာဗျာ၊ ခုလောက်ဆို ကျုပ်ကလေးတွေ ကြီးလောက်ရောပေါ့"

အစရှိသည့် အသံများမှာ တန်းလျားတွင်း၌ ကျက်စီ ကျက်စီ ထွက်ပေါ်လျက်ရှိလေ၏။

ကိုကိုကြီးနှင့် ဘိုးချစ်မြိုင်တို့သည်ကား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် . . .

"ကျုပ်တို့ကို အလုပ်မခိုင်းဘဲ အနားပေးထားတာ သိပ်ထူးဆန်းနေတယ်"

ဘိုးချစ်မြိုင်၏စကားကြောင့် ကိုကိုကြီးက . . .

"ဟုတ်တယ် ဘိုးလေးချစ် . . . ဒီကိစ္စဟာ ကျုပ်တို့အတွက် အခွင့်အရေး ဖြစ်ချင်ဖြစ်သွားနိုင်တယ်၊ ကျန်တဲ့လူတွေ ပြောဆိုနေကြသလို ချွေးတပ်သားတွေကို ပြန်လွှတ်ဖို့ အနားပေးတယ်လို့တော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မထင်ဘူး၊ ဘာကြောင့်လဲဆိုတဲ့အဖြေကို ကျုပ်လည်း စဉ်းစားနေတာ''

ဟု ပြန်ပြောလိုက်၏။

ထိုအခိုက်မှာပင် တန်းလျား၏တံခါးဖွင့်သံကြားလိုက်ရ၏။

ဂျပန်တပ်သားတစ်ဦးသည် ဒဏ်ရာရလူတစ်ဦးကို တန်းလျားအတွင်းသို့ ဆောင့်တွန်းထည့်ကာ တံခါးပိတ်၍ ထွက်ခွာသွား၏။

''ဟာ ကိုအေးချို . . . ဒဏ်ရာတွေလည်း မနည်းပါလား''

ကိုကိုကြီးတို့သည် ဟန်ချိုအေးချိုအား ပွေ့ပွေ့၍ တန်းလျားပေါ် မ,တင်ကြ၏။

ဟန်ချိုအေးချိုမှာ မျက်နှာ၌ ဖူးရောင်ပေါက်ပြဲလျက် သွေးခြင်းခြင်းနီနေရှာ၏။

ဟန်ချိုအေးချိုသည် လေသံမျှဖြင့် . . .

''ကို ကိုကိုကြီး . . . ဂျပန်တွေရဲ့ ရုံးခန်းထဲမှာ အ အဓိပတိ အရှင်မင်းကြီး ရောက် ရောက်နေပြီ၊ ခင် ခင်ပျားတို့ မင်းကြီးနဲ့ တွေ့နိုင်အောင် ကြိုးစားပြီး အဖြစ်မှန်တွေကို တင်ပြကြပါ''

ဟု ပြောလိုက်ရာ မင်းကြီးရောက်နေကြောင်း ကြားသိရသဖြင့် ရွှေတပ်သားများသည် ''ဟင်''ခနဲ ဖြစ်သွားကြလေ၏။





ကိုကိုကြီးသည် မျက်မှောင်ကြုတ်လျက် . . .

''သြော် . . . ဒါကြောင့် ဒင်းတို့က ရွှေတပ်သားအားလုံးကို အလုပ်နားထားတာကိုး၊ ဒီမယ် ကိုအေးချို . . . ရွှေတပ်သားတွေ အနေနဲ့ မင်းကြီးနဲ့တွေ့ခွင့်ရဖို့ဟာ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ လောလောဆယ် ခင်ပျားရဲ့ဒဏ်ရာတွေ သက်သာအောင် လုပ်ရမယ်''

ဟု ပြောလေ၏။

ဘိုးချစ်မြိုင်နှင့် ရွှေတပ်သားတချို့သည် ဟန်ချိုအေးချိုအား ဝိုင်းဝန်းပြုစုကြလေ၏။

ကိုကိုကြီးသည် တစ်စုံတစ်ရာအား အလေးအနက် တွေးတောဟန်ဖြင့် အချိန်ကြာမြင့်စွာ ငြိမ်သက်နေ၏။

ထို့နောက် ရွှေတပ်သားများကို ၎င်း၏အနီးသို့ လူစုစေပြီး ခေါင်းချင်းဆိုင်လျက် . . .

''ကျုပ် ဆုံးဖြတ်ပြီးပြီ၊ ဒီနေရာ သန်းခေါင်ချိန်မှာ ကျုပ်တို့ရဲ့အရေးတော်ပုံကို စမယ်''

ဟု ပြောလိုက်လေတော့၏။

❋



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညဦးပိုင်းသို့ ရောက်လျှင် ကိုကိုကြီးတို့ ဟသ်ာတခရိုင် အဖွဲ့သည် ကင်းစောင့်ဂျပန်တပ်သားများ၏ အရိပ်အခြည်ကို အက ခတ် စောင့်ကြည့်ကြ၏။

ကင်းစောင့်တပ်သားများမှာ တစ်ဦးစ နှစ်ဦးစသာရှိ၍ ကျ တပ်သားများမှာ အဓိပတိအရှင်မင်းကြီး၏ စခန်းသို့ ရောက်ရှိနေပုံ လေ၏။

ကိုကိုကြီးသည် ချွေးတပ်သားများအား မြေကြီးထဲတွင် သိ ဆည်းထားသည့် ဝါးချွန်လက်နက်များကို ထုတ်ယူရန် အချက်ပြလို ၏။





ကလေးငယ်ဒီလုံးမှာ ကိုကိုကြီး၏အနီး ဆောင့်ကြောင့်ထိုင် လျက် လွန်စွာ ထိတ်လန့်နေဟန်ရှိလေ၏။

ကိုကိုကြီးသည် ဒီလုံး၏ ခေါင်းကို ပွတ်သပ်လျက် ...

"သိပ်ကြောက်နေသလားကွ၊ ဒါဟာ ကြောက်စရာ မဟုတ် ဘူး ဒီလုံး၊ တို့အားလုံး ကျွန်အဖြစ် နှံ့နစ်နေတဲ့ အဖြစ်ဆိုးကြီးထဲကနေ ရုန်းထွက်နိုင်ဖို့ကွ၊ မကြာခင် မင်းရဲ့မိဘတွေနဲ့ မင်း ပြန်တွေ့ရတော့ မယ်၊ ဟောဒီငရဲခန်းက လွတ်မြောက်တာနဲ့ ဘယ်လောက်ပျော်ဖို့ ကောင်းမလဲဆိုတာ မင်း တွေးကြည့်လိုက်စမ်းပါ ကောင်လေးရာ"

ဟု အားပေးစကားဆိုလိုက်၏။

"ကိုကိုကြီး ... လက်နက်အားလုံး အသင့်ဖြစ်နေပြီ၊ ကျုပ် တို့ ဘယ်အချိန်ကစပြီး လှုပ်ရှားကြမလဲ"

စာတတ်ပေတတ် ချွေးတပ်သား၏စကားကြောင့် ကိုကိုကြီး သည် တန်းလျား၏ထရံပေါက်မှ ချောင်းမြောင်းကြည့်ရှုလျက် ..

"အပြင်ပိုင်း အခြေအနေကတော့ အားရစရာပဲဗျ၊ ဆူဆူညံညံ အသံတွေတော့ သဲ့သဲ့ကြားနေရတယ်၊ ကြည့်ရတာ ဒီကောင်တွေ င်းကြီးရောက်တဲ့ အထိမ်းအမှတ်အနေနဲ့ သောက်စားယစ်မူးနေကြပုံ ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီးလျှင် ဟန်ချီအေးချီရှိရာ လျှောက်သွားလေ၏။

"ဘယ်လိုလဲ ကိုအေးချီ ... သက်သာရဲ့လား၊ ခင်ဗျား မသက်သာလည်း အကြောင်းမဟုတ်ဘူး၊ စောင်ပုခက်လုပ်ပြီး ခင်ဗျားကို ရအောင် သယ်ထုတ်သွားမှာ"

ဟု ပြောလိုက်ရာ ...

"မလိုပါဘူးဗျာ ... ကျုပ် လမ်းတော့ လျှောက်နိုင်ပါတယ် အရေးကြုံရင် ကျုပ်ကို ထားခဲ့လိုက်ပါ၊ ကျုပ်ကြောင့် ကျန်လူတွေ အနှောင့်အယှက် မဖြစ်စေချင်ဘူး ကိုကိုကြီး"

ဟန်ချီအေးချီ၏စကားကြောင့် ကိုကိုကြီးသည် ခေါင်း ယမ်းလိုက်၏။

၎င်း၏ပခုံးအား ဆုပ်ကိုင်ကာ ...

"အားလျှော့တဲ့စကား မပြောပါနဲ့ ကိုအေးချီ၊ ခင်ဗျား သတင်းပေးမှုတွေကြောင့် ကျုပ်တို့ရဲ့ အရေးတော်ပုံကြီး စနိုင်ခဲ့တာ ကျုပ်ပြောတာနားထောင်၊ ခင်ဗျားကိုရအောင် ခေါ်ထုတ်သွားမယ်"

ဟု နေစဉ်မှာပင် ဘိုးချစ်မြိုင်ရောက်လာ၏။

"ဒီအချိန်ဟာ တို့တွေ စခန်းကခွာဖို့ အချိန်ကောင်းပဲ ဂျပန်ငပုတွေရဲ့ သောက်စားမူးယစ်ပြီး သီချင်းဆိုသံတွေကို ကြား



တယ်၊ ဘယ်လိုသဘောရသလဲ မောင်ရင်တို့"

ဘိုးချစ်မြိုင်၏စကားကို ကိုကိုကြီးက ...

"ဟုတ်တယ် ဘိုးလေးချစ် ... ညဥ့်နက်ထိမစောင့်ဘဲ အခု နဲ့ ထွက်ဖို့ ကျုပ်လည်း ဆုံးဖြတ်ထားတယ်၊ ဒီတော့ ဘိုးလေးချစ်က ရွေးတပ်သားနှစ်ယောက်ကို ခေါ်လိုက်ပါ၊ ကိုအေးချီကို ကျုပ်တို့ စောင်ပုခက်နဲ့ ထမ်းသွားရမှာ"

ဟု ပြောလိုက်ရာ ဟန်ချီအေးချီက ...

"ကိုကိုကြီး ... ခင်ဗျား ကျုပ်အပေါ်မှာ သိပ်ကောင်းတာကို သိပါတယ်၊ ဒါပေမဲ့ ကျုပ် လူမမာမဟုတ်ဘူး၊ လမ်းလျှောက်နိုင်တယ် ကျုပ်အတွက် ဘာအထမ်းမှ မလိုဘူး"

ဟု ပြောပြန်၏။

"ခေါင်းမမာနဲ့ ကိုအေးချီ၊ အခု အရေးတော်ပုံကြီးမှာ ခေါင်းဆောင်က ကျုပ်ပဲ၊ ကျုပ်ရဲ့စကားကို ခင်ဗျားနားထောင်ရမယ်၊ ကဲ ... အချိန်မရှိဘူး ဘိုးလေးချစ်"

ကိုကိုကြီး၏စကားကြောင့် ဘိုးချစ်မြိုင်သည် ရွေးတပ်သား ကိုခေါ်ယူကာ တန်းလျားရှိ အကောင်းဆုံးစောင်ဖြင့် စောင်ပုခက် လုပ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



တန်းလျား၏တံခါးကို သောခတ်ထားသဖြင့် ကိုကိုကြီးနှင့် ရွှေးတပ်သားသုံးယောက်မှာ ထရံအား ခြေဖြင့် အားကုန်ဆောင့်ကန် လိုက်ကြ၏။

ဆွေးမြည့်နေသည့် ထရံများသည် အားပင်မစိုက်ရဘဲ ဝုန်းခ ပြိုကျသွားလေ၏။

ကိုကိုကြီးသည် ဟသ်ာခရိုင်ရှိ ရွှေးတပ်သားအားလုံးကို စုံ လိုက်ပြီး ...

"ကျုပ်တို့အားလုံး ငရဲခန်းက လွတ်မြောက်ဖို့ တိုက်ပွဲဝင်ကြ ရတော့မယ်၊ မြန်မာ့သွေး ဘယ်လောက်နီသလဲဆိုတာ ဖက်ဆ ကောင်တွေသိအောင် ပြကြဖို့ အချိန်တန်ပြီ၊ ကျုပ်တို့ တန်းလျား ထွက်တာနဲ့ တခြားခရိုင်က ရွှေးတပ်သားတွေကိုပါ ရသလော ကယ်ထုတ်ရမယ် ...၊

ဒီတိုက်ပွဲမှာ ကျုပ်တို့အတွက် အောင်မြင်မှုနဲ့ ကျရှုံးမှု နှစ်ခု ရှိတယ်၊ ကျုပ်တို့ သေခဲ့ရင်တောင် ငရဲခန်းမှာ နေရတာထက်စာ ပိုမြတ်တယ်၊ အဲဒါ ခင်ဗျားတို့ မြဲမြဲမှတ်ထားကြ"

ဟု ပြောလိုက်ရာ ၎င်း၏စကားများသည် ရွှေးတပ်သားမျာ ၏စိတ်အား များစွာ တက်ကြွသွားစေ၏။

ရွှေမင်းသမီးစာပေ



"ဟုတ်တယ် ... ကျုပ်တို့ရဲ့ဝါးချွန်များမှာ ဖက်ဆစ်သွေး စွန်းစေရမယ်၊ ဖက်ဆစ်သွေး စွန်းစေရမယ်"

ရွှေးတပ်သားများ၏ ကြွေးကြော်သံနှင့်အတူ ကိုကိုကြီးသည် တန်းလျားမှ စတင်ဖောက်ထွက်လေတော့၏။

❋

www.burmeseclassic.com

www.burmeseclassic.com

မှောင်ရိပ်ထဲ၌ ကိုကိုကြီးဦးဆောင်သည့် ချွေးတပ်သားမျ
သည် ကင်းစောင့်တပ်သားများ၏ အရိပ်အခြည်ကို အကဲခတ်လျ
ရှိကြ၏။

လုံခြုံသေနတ်ကိုင် ဂျပန်တပ်သားများသည် နှစ်ယော
တစ်တွဲ တွဲလျက် ချွေးတပ်တန်းများအနီး၌ ခေါက်တုံ့ခေါက်ပြ
လျှောက်လျက်ရှိ၏။

ကိုကိုကြီးသည် ချွေးတပ်သားများအား သုံးယောက်တစ်
တွဲစေ၍ လူခွဲပေးလိုက်၏။

လုံခြုံကိုင်တပ်သားများ မှောင်ရိပ်ထဲသို့ ရောက်လျှင် ချွေ





တပ်သားသုံးယောက်တစ်ဖွဲ့များသည် မှောင်ရိပ်ထဲ ဖမ်းချုပ်၍ ဓါးချွန်ဖြင့် ထိုးစိုက်ကြ၏။

ကိုကိုကြီးနှင့် ဘိုးချစ်မြိုင်တို့အဖွဲ့သည် စခန်းဝန်းအပြင်သို့ ထွက်နိုင်ရန် ကြိုးပမ်းကြလေ၏။

စခန်းဝင်းအနီးသို့ ရောက်လျှင် သဲအိတ်များပေါ်၌ ကင်းစောင့်နေသော သေနတ်ကိုင်တပ်သားများကို တွေ့ရ၏။

ထိုနေ့သည် အဓိပတိအရှင်မင်းကြီး ရောက်ရှိသောနေ့ ဖြစ်သဖြင့် အတွင်းထက် အပြင်လုံခြုံရေးကို ပိုမိုတင်းကျပ်ထားဟန်ရှိ၏။

စခန်း၏ အတွင်းနှင့်အပြင်အား သဲအိတ်များထပ်၍ ကာရံထားသဖြင့် ဝန်းအပြင်၌ တပ်သားမည်မျှရှိမည်ကို ခန့်မှန်းမရပေ။

ကိုကိုကြီးသည် မှောင်ရိပ်ထဲမှ ပြေးထွက်၍ သဲအိတ်များပေါ်သို့ ကုတ်တွယ်တက်လိုက်၏။

တပ်သား၏နောက်ကျောမှ သိုင်းဖက်ကာ ဓါးချွန်ဖြင့် ရင်ဝကို အားကုန်ထိုးစိုက်လိုက်၏။

တပ်သားမှာ အသံမျှပင် မထွက်နိုင်ရှာဘဲ ခွေလဲကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ၎င်းထံမှ လုံ့စွပ်သေနတ်ကိုကောက်ယူ၍ တစ်ဖက်သဲအိတ်ပေါ်သို့ ခုန်ကူးရန် ကြိုးစားလိုက်၏။

ဘိုးချစ်မြိုင်နှင့် ဒီလုံးလေးတို့မှာ ကိုကိုကြီး၏ စွန့်စားမှုကို ကြည့်၍ ရင်တထိတ်ထိတ် ရှိနေချေ၏။

ထိုအခိုက်မှာပင် တစ်ဖက်သဲအိတ်ပေါ်ရှိ အစောင့်တပ်သားသည် သူ့ထံ လွှားခနဲခုန်ဝင်လာသည့် ကိုကိုကြီးကို မြင်တွေ့သွားလေ၏။

အစောင့်တပ်သားသည် သူ့အား ဝင်လုံးသည့် ကိုကိုကြီးကို လုံ့စွပ်ဖြင့်ထိုးသတ်ရန် ကြိုးစား၏။

ကိုကိုကြီးက အကင်းပါးစွာပင် သေနတ်ကိုဆွဲယူ၍ တပ်သား၏ တံခေါက်ကွေးကို ကန်ထည့်လိုက်၏။

ထို့ကြောင့် အစောင့်တပ်သားမှာ သဲအိတ်ပေါ်မှ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားတော့၏။

ပြင်းထန်သောအရှိန်ကြောင့် ဝန်းပြင်ရှိ တပ်သားများ သိ[...]သွားပြီး အချက်ပေးခရာသံများ အဆက်မပြတ် ထွက်ပေါ်လာ၏။

တစ်ချိန်တည်းပင် သရက်ခရိုင်၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင် အစရှိသည့် ချွေးတပ်သားအုပ်ကြီးမှာ ဝန်းအပြင်သို့ ဗြောသံပေး[...]





ပြေးထွက်သွား၏။

ချွေးတပ်သားထုကြီးကိုမြင်လျှင် ဝန်းပြင်ရှိ အစောင့်များသည် ကြောက်ပိုင်းမှ မှင်တက်သွားကြ၏။

ပြီးလျှင် သေနတ်သံများ နားကွဲလုမျှ ထွက်ပေါ်လာလေတော့၏။

စခန်းတွင်းရှိ ဂျပန်တပ်သားများသည်လည်း သေနတ်သံဒိုင်းဒိုင်းပေး၍ ပြေးထွက်လာကြကုန်၏။

ဇာတိသွေးကြွနေသော မြန်မာချွေးတပ်သားများသည် ဂျပန်တပ်သားများအား ရရာလက်နက်ဆွဲကိုင်၍ ခုခံတိုက်ခိုက်ကြကုန်၏။

ဂျပန်များသည် ချွေးတပ်သားအုပ်ကြီးထဲသို့ လက်ပစ်ဗုံးများ ပစ်ကျဲကြ၏။

ဟင်္သာတခရိုင် ချွေးတပ်သားများ၏ ဝါးချွန်များ၌ အသက်ပျောက်သော ဂျပန်တို့မှာ အတုံးအရုန်း။

လက်နက်အင်အား တောင့်တင်းသည့် ဂျပန်များနှင့် ဝါးချွန်ကိုင် မြန်မာချွေးတပ်သားများမှာ အင်အားချင်း မမျှတပေ။

ရက်ရှည်လများ ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးကို သေမတတ်ခံစားခဲ့ရသော မြန်မာချွေးတပ်သားများမှာ ဖွဲ့မလျှော့ဘဲ ကျားကုတ်



www.burmeseclassic.com

www.burmeseclassic.com



ကျားခဲ တိုက်ပွဲဝင်ကြလေ၏။

ဖက်ဆစ်ဂျပန်များသည် မြန်မာရွှေးတပ်များအား လက်နက် အင်အားဖြင့် အနိုင်ယူနိုင်ကြသော်လည်း သတ္တိအရာ၌ မယှဉ်ပြိုင်နိုင် ကြချေ။

ရွှေးတပ်သားနှစ်ဦး၏ အကူအညီဖြင့် စောင်ပုခက်၌ လိုက် ခဲ့သည့် ဟန်ချို့အေးချိုပင် ရဲရဲတောက်တိုက်ပွဲဝင်နေသော ရွှေးတပ် သားများကိုကြည့်ကာ သွေးများ ဆူပွက်လာသလို ခံစားလိုက်ရ၏။

ထို့ကြောင့် စောင်ပုခက်တွင်းမှ ခုန်ဆင်းကာ ဂျပန်အလောင်း တစ်လောင်းမှ လုံစွပ်သေနတ်ကို ဆွဲယူလိုက်၏။

ထို့နောက် ရွှေးတပ်သားအုပ်ကြီးထဲ ပြေးဝင်ကာ ဖက်ဆစ် များအား ခုခံတိုက်ခိုက်လေတော့၏။

ထိုအချိန် ကိုကိုကြီး၊ ဘိုးချစ်မြိုင်နှင့် ဒီလုံးတို့မှာ စခန်းအလွန် ရှိ ရထားလမ်းဘက်ပိုင်းသို့ ရောက်ရှိသွားကြ၏။

ထိုအခိုက်မှာပင် မှောင်ရိပ်ထဲမှ လက်ခနဲ လှုပ်ရှားသွားသော အရာအား ဘိုးချစ်မြိုင် သတိပြုမိလိုက်၏။

ထို့ကြောင့် ကိုကိုကြီးအား အရှိန်ဖြင့် ဆောင့်တွန်းလိုက်လေ ၏။





'ဒုတ်'

"ဟာ . . . ဘိုးလေးချစ် ဘိုးလေးချစ်"

ကိုကိုကြီး၏ အထိတ်တလန့် အော်ဟစ်သံမဆုံးမီပင် ဘိုးချစ် မြိုင်တစ်ယောက် မြေပေါ် အရုပ်ကြိုးပြတ် ပြုတ်ကျသွားရှာ၏။

ကိုကိုကြီးသည် ဂျပန်တပ်သားရှိရာ ခုန်အုပ်လျက် ၎င်း၏ မျက်နှာအား တရစပ် ထိုးနှက်လိုက်၏။

တပ်သား၏နောက်ကျောအား ဝါးချွန်ဖြင့် အားကုန်ထိုးစိုက် လိုက်ရာ ၎င်းတပ်သားသည် အော်ဟစ်သံနှင့်အတူ ဘိုင်းခနဲ ပစ်လဲ ကျသွားလေတော့၏။

ကိုကိုကြီးမှာ ဘိုးချစ်မြိုင်အား ပြေးပွေ့လျက် . . .

"ဖြစ်ရလေ ဘိုးလေးချစ်ရယ်၊ ကျုပ်အသက်ကို ဘိုးလေး ချစ်ရဲ့ အသက်နဲ့ရင်းပြီးတော့ကို ကယ်ခဲ့ပါလား . . . ဖြစ်ရလေဗျာ ဖြစ်ရလေ"

ဟု မချိတင်ကဲရေရွတ်ရင်း မျက်ရည်များ ရစ်ဝဲတက်လာ၏။

"ငါ့ ငါ့ကို ထားခဲ့ . . . ပြေး ပြေးတော့"

ဘိုးချစ်မြိုင်မှာ ထိုသို့ ဗလုံးဗထွေးရေရွတ်ရင်း မျက်ဖြူဆိုက် ကာ ငြိမ်သက်သွားရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလုံးသည်လည်း ဘိုးချစ်မြိုင်အားကြည့်၍ တဟီးဟီး ရှိုက်ငို နေလေ၏။

"ဘိုးလေးချစ်ရယ် ကျုပ် ကျုပ် စိတ်မကောင်းလိုက်တာဗျာ ကျုပ်ကြောင့် ကျုပ်ကြောင့် ဘိုးလေးချစ် သေရတာဗျ"

ကိုကိုကြီးမှာ ထိုသို့ရေရွတ်ရင်း ဘိုးချစ်မြိုင်အား ပွေ့ဖက်လျက် မျက်ရည်ပေါက်ပေါက် ကျမိလေ၏။

"ဦးလေး ... ဟို ဟိုမှာ ဂျပန်တွေ ဂျပန်တွေ လာနေပြီ"

ဒီလုံး၏အသံကြောင့် ကိုကိုကြီးသည် နောက်သို့ ဆတ်ခနဲ ကြည့်လိုက်၏။

ထိုစဉ် ...

'ဘုန်း'

ခနဲအသံနှင့်အတူ ၎င်းနှင့် ဝါးနှစ်ကိုက်အကွာရှိ မြေကြီးများ ဖွာခနဲ လွင့်စဉ်သွား၏။

ထို့ကြောင့် ဒီလုံးကို လက်ဆွဲလျက် သဲလမ်းတစ်ဖက်သို့ လွှားခနဲ ခုန်ကျော်လိုက်၏။

ထိုအခိုက်မှာပင် အဝေးဆီမှ တကျွံကျွံအသံများ ကြားလိုက်ရ၏။





အသံကြောင့် ကိုကိုကြီးမှာ စိတ်လှုပ်ရှားသွားပြီး ကြည့်မိရာ ဗုံးရှုရှုမီးရောင်ကို မြင်ရလေ၏။

"ဒီလုံး ... မင်း ငါ့ကျောပေါ်တက်စမ်း။ ပြီးရင် ပြုတ်မကျအောင် ကိုင်ထား၊ မြန်မြန်တက်"

ကိုကိုကြီး၏စကားကြောင့် ဒီလုံးသည် နားမလည်နိုင်စွာဖြင့် ကျောပေါ်ခွတက်လိုက်၏။

ရထားကြီးသည်ကား ကိုကိုကြီးတို့အနီးသို့ ရောက်ရှိလာချေပြီ။

သူသည် ရထားတွဲ ပြီးဆုံးအောင် စောင့်ဆိုင်းနေ၏။

နောက်ဆုံးတွဲသို့ရောက်လျှင် ရှိသမျှအားများကို စုစည်း၍ တွဲနောက်သို့ လွှားခနဲ ခုန်လိုက်၏။

၎င်းတို့တက်မိသည့်တွဲမှာ ကျောက်တင်တွဲဖြစ်သဖြင့် အမိုး မပါရှိပေ။

သူသည် ဒီလုံးအား တွဲထဲသို့ ကျော်တက်စေ၏။

၎င်းတို့သည် တွဲထဲသို့ရောက်လျှင် ကျောက်တုံးများပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

ကိုကိုကြီးသည် ကောင်းကင်ထက် တဖျပ်ဖျပ်လင်းလက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ကြယ်များကို မော့ကြည့်လျက် လေကို တဝကြီး ရှူရှိုက်လိုက်မိ၏။

“ဦးလေး ... ရထားကြီးက ဘယ်သွားမှာလဲ၊ ကျွန်တော်တို့ ဂျပန်တွေလက်က လွတ်ပြီလားဟင်”

ဒီလုံး၏အသံကြောင့် ကိုကိုကြီးသည် သက်ပြင်းရှိုက်လျက်

“ရထား ဘယ်သွားမလဲဆိုတာ ငါလည်း သေချာမပြောနိုင်ဘူး၊ မော်လမြိုင်ထိ ရောက်ရင်တော့ တို့အတွက် ဘုရားမတာပေါ့ကွာ၊ ဂျပန်တွေလက်က လွတ်မလွတ်ဆိုတာလည်း သေချာမပြောနိုင်ဘူးကွ၊ မော်လမြိုင်ထိ ချောချောမောမောရောက်ရင်တော့ ဘုရားမတာပေါ့ကွာ”

ဟု ပြောဆိုရင်း ဒီလုံးအား ပွေ့ဖက်လိုက်လေ၏။

*



ကိုကိုကြီးနှင့်ဒီလုံးသည် ကျောက်တွဲထဲ၌ မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ ...။

ရထားဥသြသံအရှည်ကြီးကို ကြားရပါမှ လန့်နိုးသွားရ၏။

သူသည် ပတ်ဝန်းကျင်အား ချောင်းမြောင်းကြည့်ရှုရင်း ...

“ဒီလုံး ... ထစမ်း ထစမ်း၊ ဘူတာမှာ ရပ်တော့မယ်ကွ”

ဟု ဒီလုံးကို လှုပ်နှိုးလိုက်၏။

ဒီလုံးမှာ မျက်လုံးကို ပွတ်သပ်လျက် နိုးထလာ၏။

ရထားသည် ဘူတာဝင်မည်ဖြစ်သဖြင့် အရှိန်နှေးသွား၏။

ကိုကိုကြီးသည် မြေပြင်၌ စိုက်ထူထားသည့် ဘုတ်ပြားကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုရင်း ...

"ဟာ ... မော်လမြိုင်ကို ရောက်ပြီကွ၊ ရောက်ပြီ"

ဟု ဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။

ရထားကြီး အရှိန်တုံ့သွားလျှင် ကိုကိုကြီးမှာ ဒီလုံးကို တွဲအောက်သို့ ချပေး၏။

ပြီးလျှင် သူကိုယ်တိုင် ခုန်ဆင်းလိုက်ပြီး ဒီလုံးနှင့်အတူ စကြံလမ်းဘက်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့၏။

ထိုစဉ် စကြံလမ်းအတိုင်းလျှောက်လာသည့် ဂျပန်တပ်သားများကို တွေ့ရလေ၏။

ထို့ကြောင့် သူသည် စကြံလမ်းနံဘေး၌ အိပ်စက်နေသော လူများကြားသို့ ဝင်ထိုင်ကာ အိပ်ပျော်နေသော လူတစ်ယောက်ထံမှ ဦးထုပ်ကို ဆွဲယူ၍ ခပ်ငိုက်ငိုက် ဆောင်းထားလိုက်၏။

ဒီလုံးကိုတော့ အိပ်ပျော်နေသော မိန်းမကြီးတစ်ယောက်နား၌ ဝင်ရောက်အိပ်စက်စေ၏။

ဂျပန်တပ်သားများ ကျော်လွန်သွားပါမှ ကိုကိုကြီးမှာ သက်ပြင်းချနိုင်လေ၏။

"ဒီမယ်မောင်ရင် ... မောင်ရင်တို့ ဂျပန်တွေလက်က ထွက်





ပြေးလာကြတာ မဟုတ်လား"

မှန်သံဝဲဝဲကြောင့် ကိုကိုကြီးသည် နောက်သို့ ဆတ်ခနဲ လှည့်ကြည့်မိ၏။

ထိုအခါ ဒီလုံးဝင်အိပ်သော မိန်းမကြီးဖြစ်နေကြောင်း တွေ့ရလေ၏။

"ဟုတ်ပါတယ် အဒေါ်၊ ကျုပ်တို့ ဘုရားသုံးဆူ ချွေးတပ်စခန်းက ထွက်ပြေးလာတာပါ၊ ဒါနဲ့ အဒေါ်က ဘယ်လိုသိနေတာလဲဗျ"

ကိုကိုကြီး၏အမေးကြောင့် မိန်းမကြီးသည် ကွမ်းသီးခြမ်းအား ကိုက်ဝါးလျက် ...

"သိဆို ကျုပ်ယောက်ျားက တောတွင်းချွေးတပ်စခန်းတွေမှာ ချေးလှည့်ရောင်းဖူးတယ်ကွဲ့၊ ခုတော့ မရှိရှာတော့ဘူး၊ ချေးလှည့်ရောင်းရင်း ပြန်ပေါ်မလာတော့တာ အတော်ကို ကြာခဲ့ပါပြီ၊ သူရှိစဉ်တုန်းက ချွေးတပ်သားတွေရဲ့ ပုံပန်းသဏ္ဍာန်၊ ညှဉ်းပန်းနှိပ်စက်ခံရပုံတွေကို အမြဲပြောပြီး ရင်ထုမနာ ဖြစ်နေသူပါကွယ်၊ ဒါနဲ့ မောင်ရင်တို့က ဘယ်သွားကြမှာလဲ"

ဟု မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကိုသွားမှာဗျ၊ ဟိုရောက်ရင် ကျူပ်ရဲ့နယ်ဘက်ကို ခရီးဆက်ရဦးမယ်"

ကိုကိုကြီး၏ စကားဆုံးလျှင် မိန်းမကြီးသည် ခြွေးခံအကျီ ကြားမှ တစ်စုံတစ်ရာကို နှိုက်ယူလိုက်ပြီး . . .

"ရော . . . ဟောဒီကတ်ပြားကို ယူထားပါ၊ ဒါဟာ မောင်ရင်တို့ မြစ်ဆိပ်ဆင်းတဲ့အခါ သိပ်အရေးပါတယ်၊ ပြီးတော့ မောင်ရင်တို့ရဲ့ ညစ်ပေဟောင်းနွမ်းနေတဲ့ အဝတ်တွေကို လဲပစ်ရမယ်ကွဲ့"

ဟု ပြောဆိုရင်း အိပ်ပျော်နေသော လူတစ်ယောက်ကို နှိုးကာ မွန်ဘာသာဖြင့် စကားပြော၏။

ထိုလူသည် ကိုကိုကြီးတို့အား မကျေမနပ်ကြည့်၍ အဝတ်အစားများ ချွတ်ပေးလေ၏။

"ဒီအဝတ်တွေကို မောင်ရင် ဝတ်လိုက်ပါ၊ ကောင်လေးကိုတော့ အဒေါ်သမီးအတွက် ဝယ်လာတဲ့ အဝတ်တွေ ပေးလိုက်မယ် ဝတ်လို့ ဖြစ်မလားကွဲ့"

အဒေါ်ကြီး၏စကားကြောင့် ကိုကိုကြီးမှာ အလျှင်အမြန်ပင်

"ရပါတယ် အဒေါ်ရယ်၊ ခုလိုကူညီတာပဲ ကျေးဇူးတင်လှပါပြီ၊ အဒေါ့်ကျေးဇူးကို ကျူပ်တစ်သက် မမေ့ပါဘူးဗျာ"





ဟု ကျေးဇူးစကား ဆိုမိလေ၏။

အဒေါ်ကြီးသည် ဒီလုံးအား အဝတ်လဲပေးလျက် ကိုကိုကြီး၏ စကားကို ပြုံး၍သာ နားထောင်နေလေ၏။

ထို့နောက်တွင်မူ ကိုကိုကြီးတို့သည် သူမအား နှုတ်ဆက်လျက် မြစ်ဆိပ်ဘက် ထွက်ခဲ့လေတော့၏။

မြစ်ဆိပ်သင်္ဘောတံတား၌မူ လက်ပတ်အနီနှင့် ဂျပန်တပ်သားအများအပြားကို တွေ့ရလေ၏။

၎င်းတို့သည် သင်္ဘောဖြင့် လိုက်ပါမည့်လူများအား စစ်ဆေးနေကြ၏။

ကိုကိုကြီးသည် ဒီလုံးကို လက်ဆွဲလျက် သင်္ဘောတံတားသို့ ဆင်းခဲ့လေ၏။

၎င်း၏အလှည့်သို့ရောက်လျှင် အဒေါ်ကြီးပေးလိုက်သော ကတ်ပြားကို လှမ်းပေးလိုက်၏။

တပ်သားသည် ကတ်ပြားအား သေချာကြည့်ရှု၍ ကိုကိုကြီးအား မျက်လုံးစူးစူးဖြင့် အကဲခတ်၏။

ထို့နောက် လက်ဖြင့်အချက်ပြကာ သင်္ဘောပေါ်သို့ တက်ခွင့်ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ကိုကိုကြီးသည် သက်ပြင်းချနိုင်လျက် စိတ်သက်သာရာ ရရှာတော့၏။

*

BURMESE CLASSIC .com

ကိုကိုကြီးနှင့်ဒီလုံးတို့သည် သင်္ဘောဖြင့် မုတ္တမဘက်သို့ ကူးခွင့်ရလေ၏။

မုတ္တမသို့ရောက်လျှင် ထွက်ခွာမည့်ဆဲဆဲ ရထားပေါ်သို့ အလျင်အမြန် လက်မှတ်ဖြတ်ကာ တက်ကြလေ၏။

တဂျုံးဂျုံးခုတ်မောင်းနေသော ရထားကြီးနှင့်အတူ ကိုကိုကြီးမှာ စိတ်လက်ပေါ့ပါးသလို ခံစားနေရ၏။

ထို့နောက် ဒီလုံးနှင့် ခေါင်းချင်းဆိုင်ကာ အပူပင်ကင်းမဲ့စွာ အိပ်စက်လိုက်လေတော့၏။

*

ရွှေမင်းသမီးစာပေ

www.burmeseclassic.com

www.burmeseclassic.com

သူသည် မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

“ဟေ့ . . . ထစမ်း ထစမ်း၊ ရထားက ဘူတာဆုံး
ဆင်းတော့”

ပခုံးပုတ်၍ ပြောသောအသံကြောင့် ဆတ်ခနဲ လန့်နိုး
၏။

“ဗျာ . . . ဘယ်ဘူတာ ရောက်နေပြီလဲဗျ”

ကိုကိုကြီး၏အမေးကြောင့် ထိုလူက စိတ်ပျက်သောအ
ဖြင့် ကြည့်လျက် . . .

“ဘယ်ရောက်ရမှာလဲ ကိုယ့်လူရယ်၊ ဘူတာဆုံးပါပြီ





ရန်ကုန်မြို့ကိုပေါ့ဗျ”

ဟုပြောကာ ထွက်သွား၏။

“ဟင် . . . ရန်ကုန်ကိုရောက်နေပြီ၊ ဒီလုံး . . . ငါတို့ လွတ်မြောက်ပြီကွ၊ ဟား ဟား . . . ငါ့ဘဝမှာ ဒီနေ့လောက် ပျော်ဖို့ကောင်းတာ မရှိဘူးကွ၊ ငါတို့ အပြီးအပိုင် လွတ်မြောက်ပြီ”

ကိုကိုကြီးသည် ဒီလုံး၏ ပခုံးကို ဆုပ်ကိုင်၍ ဝမ်းသာအားရ အော်ဟစ်လိုက်မိ၏။

ထို့နောက် နှစ်ဦးသား ရထားပေါ်မှ ပြေးဆင်းကာ စကြံလမ်းသို့ ရောက်လျှင် . . .

“ကျွန်တော်တို့ အရင်ဆုံး ဘယ်ကိုသွားမလဲ ဦးလေး”

ဒီလုံး၏အမေးကြောင့် ကိုကိုကြီးသည် အဝေးသို့ ငေးမျှော်ကြည့်လျက် . . .

“ဒီနေ့ဟာ ငါတို့နှစ်ယောက်လုံး ပြန်လည်ရှင်သန်ထမြောက်တဲ့နေ့ကွ၊ ဒီလိုနေ့မှာ မွန်မြတ်တဲ့နေရာကို သွားရမယ်၊ စိတ်သစ် လူသစ်နဲ့ အားအင်အသစ်တွေ မွေးဖွားတဲ့နေ့ပေါ့ကွာ”

ဟု ပြောလိုက်လေ၏။

ကိုကိုကြီးသည် ဒီလုံး၏လက်ကိုဆွဲလျက် ကွမ်းခြံဘူတာ



www.burmeseclassic.com

www.burmeseclassic.com



(ရန်ကုန်ဘူတာကြီး) ကြီး၏ အပြင်သို့ ထွက်ခဲ့၏။

အပြင်လောက၌ နေရောင်သည် ခြစ်ခြစ်တောက် ပူပြင်းလွန်းလှ၏။

သို့သော် ကိုကိုကြီး၏ စိတ်တွင်း၌မူ အေးမြလန်းဆန်းနေလေ၏။

နေရောင်အောက် လှမ်းလိုက်သော ၎င်း၏ခြေလှမ်းများမှာ မြန်မာပြည်၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ရွှေတိဂုံစေတီတော်သို့ ဦးတည်နေ၏။

"ငါဟာ သေမင်းခံတွင်းဝ, ငရဲခန်းတမျှ ဆိုးရွားလှတဲ့ တောတွင်းချွေးတပ်စခန်းကနေ အပြီးအပိုင် လွတ်မြောက်ခွင့်ရခဲ့ပြီပဲ ...၊

ငါနဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ ချွေးတပ်သားရောင်းရင်းတွေနဲ့ ငါ့အတွက် အသက်စတေးခဲ့တဲ့ ဘိုးလေးချစ်အတွက် ရွှေတိဂုံစေတီတော်ကြီးမှာ ကောင်းမှုပြုပေးရမယ် ...၊

ပြီးတော့ ...

လူမဆန်လောက်အောင် ဆိုးရွားရက်စက်လွန်းတဲ့ ဖက်ဆစ်စနစ်ဆိုးကြီးကနေ မြန်မာတစ်မျိုးသားလုံး လွတ်မြောက်ဖို့ ဆုတောင်းရမယ်၊ ဆုတောင်းရမယ်"

ကိုကိုကြီးသည် စိတ်တွင်းမှ ရေရွတ်သံနှင့်အတူ ၎င်း၏ မျက်လုံး၌မူ ချွေးတပ်ငရဲခန်းမှ သွေးပျက်ဖွယ် ညှဉ်းဆဲမှုများအား ခါတ်ရှင်ကြည့်ရသည့်နှယ် တစ်ကွက်ချင်း ပြန်မြင်မိလေ၏။

ထို့ကြောင့် မျက်လုံးစုံမှိတ် ခေါင်းခါယမ်းလျက် ...

"ချွေးတပ်ငရဲခန်းဆိုတာ ငါ့ဘဝမှာ အိပ်မက်တစ်ခုပဲ ဖြစ်စေရမယ်၊ ငါဟာ ငါမဟုတ်တော့ဘူး။

ဟုတ်တယ် ... လူသစ် စိတ်သစ်နဲ့ ကိုကိုကြီးပဲ ဖြစ်စေရမယ်၊ ဖြစ်စေရမယ်"

ဟု လက်သီးဆုပ် ကြုံးဝါးလိုက်လေတော့၏။

ကိုယ်တိုင်ထောင်တက်ရတဲ့ လေ့ကားဟာ
ပင်ပန်းပေမယ့် ကျေနပ်တယ် ...

ချမ်းမြေ့သရဖီလှိုင်





www.burmeseclassic.com